
စံလှ-စာပေ

www.burmeseclassic.com

# သုတေသီသက်ထွန်းမြင့်

# အင်္ဂဝိဇ္ဇာ နှင့်

# အသုံးချ ဓာတ်ရိုက်၊ဓာတ်ဆင်ယတြာ



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၄၅၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၆၅၇၀၇၀၈

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

**ထုတ်ဝေသူ**

စံလှစာပေ၊ ဒေါ်မြမြကြွေ (၀၁၃၆၄)

အမှတ် (၁၈၀)၊ ၂၉-လမ်း၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်မြမြကြွေ (၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်

အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

စံလှစာပေတိုက်

အမှတ်(၁၈၀)၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၆၆၂၁

တန်ဖိုး - ၂၅၀

BURMESE CLASSIC .com

သုတေသီ

သက်ထွန်းမြင့်

# အင်္ဂဝိဇ္ဇာ
# နှင့်
# အသုံးချ ဓာတ်ရိုက်ဓာတ်ဆင်ယတြာ

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com

အနန္တော၊ အနန္တငါးပါးဦးထိပ်ထား၍
ဘဝတစ်လျှောက်တွင် တွေ့ရသည့်
ထမင်းတစ်လုတ်ကျွေးဖူးသူ
ရေတစ်ခွက်တိုက်ဖူးသူ
စကားတစ်ခွန်းနှင့် ပံ့ပိုးကူညီဖူးသူ
စသည့် ကျေးဇူးရှင်များနှင့်
ချစ်သူ မုန်းသူတို့အား
ထာဝရ ဂါရဝနှင့်

သုတေသီ သက်ထွန်းမြင့်



## မာတိကာ

နိဒါန်း သို့မဟုတ် ကျွန်တော်နှင့် အင်္ဂဝိဇ္ဇာနည်းပညာ

**အပိုင်း-တစ်**

**အင်္ဂဝိဇ္ဇာနည်းပညာ**


၁။ အင်္ဂဝိဇ္ဇာနှင့် နိမိတ်တိုင် ၁၅

၂။ အင်္ဂဝိဇ္ဇာနှစ်စဉ်အဟော ၃၃

၃။ အင်္ဂဝိဇ္ဇာလေးလကိန်း ၃၈

၄။ အင်္ဂဝိဇ္ဇာနည်းဖြင့် ၄၃
ဒီနှစ်ဘာကုန်ပေါ်မလဲ တွက်နည်း


www.burmeseclassic.com

www.burmeseclassic.com




၅။ ဘုမ္မိအရပ် ဘယ်မှာလဲ ၄၇

၆။ ပရိဝါရအဟော ၅၂

(က) အခါ ရှစ်ပါး၏အခေါ်တစ်နည်း

(ခ) ဘုမ္မိနှစ်ချက်နှင့် ဖြစ်တတ်သည့် သဘောသဘာဝ

၇။ အင်္ဂဝိဇ္ဇာ မူလတိုင်အဟော ၆၀

၈။ အင်္ဂဝိဇ္ဇာ အခါရှစ်ပိုင်းဟောပုံ ၈၉

၉။ အင်္ဂဝိဇ္ဇာ အခါပိုင်းဟောပုံ ၉၉


**အပိုင်း-နှစ်**

**အသုံးချ ဓာတ်ရိုက်ဓာတ်ဆင် ယတြာ**


၁။ ဓာတ်ရိုက်ဓာတ်ဆင်သူများ သတိထားရမည့်အချက် ၁၃၅

၂။ ဓာတ်ရိုက်ဓာတ်ဆင်ရာတွင် ရှောင်ရမည့်နေ့များ ၁၄၁

၃။ ဓာတ်ဆင်ရာတွင် လိုအပ်သည့် အချိန်အခါ ၁၄၅

၄။ နေ့အလိုက် ဓာတ်များ တည်ရှိပုံ ၁၄၉





၅။ လာဘစေရန် ဓာတ်ဆင်ပုံ ၁၅၂

(က) နေ့သားချင်း လာဘစေရန် ဓာတ်ဆင်ပုံ

(ခ) နေ့ခွဲသားအား လာဘစေရန်ဓာတ်ဆင်ပုံ

၆။ ကုန်ရောင်းတွင်အောင် ဓာတ်ဆင်နည်း ၁၆၀

၇။ အမှုအခင်းတရားတဘောင် နိုင်စေရန် ဓာတ်ဆင်နည်း ၁၆၅ ၁၆၈

၈။ လင်မယားပြန်ပေါင်းရန် ဓာတ်ဆင်နည်း ၁၆၉

၉။ ကြွေးပြန်ရအောင် ဓာတ်ဆင်နည်း ၁၇၁

၁၀။ ပစ္စည်းပျောက်ရာ ပြန်ရအောင်ဓာတ်ဆင်နည်း

၁၁။ ရာထူးကျသူတို့ ရာထူးပြန်ရစေရန် ဓာတ်ဆင်နည်း ၁၇၇

၁၂။ ရာထူးတည်မြဲအောင် ဓာတ်စီရင်နည်း ၁၈၂

၁၃။ သားသမီးအဖတ်မတင်သူများ ၁၈၅

သားသမီးရစေရန် ဓာတ်စီရင်နည်း ၁၉၃


**နိဂုံး (သို့မဟုတ်) အကျိုးများတိုးပွားပါစေသတည်း**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း (သို့မဟုတ်) ကျွန်တော်နှင့် အင်ဂျီနီယာနည်းပညာ

၁။

ကျွန်တော်သည် အင်ဂျင်နီယာပညာရပ်ကို အချိန်အတော်ကြာကတည်းကပင် စိတ်ဝင်စားခဲ့သဖြင့် လေ့လာဖြစ်သည်။ တစ်ခါတစ်ရံ အင်ဂျင်နီယာ ဓာတ်ရိုက်ဓာတ်ဆင် ယန္တရားကိစ္စ အကြောင်းအရာများအား မဂ္ဂဇင်းများတွင် အခွင့်သင့်သလို ရေးသားခဲ့သည်။

ယင်းသို့ ရေးသားခဲ့သည့် ယန္တရားအကြောင်းအရာများအား စာတစ်စောင် ပေတဖွဲ့အဖြစ် ကျွန်တော်စီစဉ်ခဲ့ဖူးသည်။ ပရိသတ် စိတ်ဝင်စားခဲ့၏။

"ဆရာအင်ဂျင်နီယာအကြောင်း စာတစ်အုပ်ရေးပါလား" ဟု တိုက်တွန်းသူများလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ရေးမှာပါ"

ကျွန်တော် ဤသို့ ဖြေခဲ့၏။

သို့သော် မရေးဖြစ်ခဲ့။ မရေးဖြစ်ခဲ့သော်လည်း အင်္ဂဝိဇ္ဇာ ပညာနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် လေ့လာခဲ့သည်။ အထူးသဖြင့် 'တောင်တွင်းဆရာတော်၏ ခင်ကြီးပျော်'၏ အင်္ဂဝိဇ္ဇာ စာအုပ်များကို လေ့လာခဲ့သည်။

တစ်နေ့တွင် မဖြစ်မနေ ရေးမည်ဟု ဆုံးဖြတ်ပြီးသား။

၂။

တစ်နေ့ ဆရာမ (ဒေါ်မြမြကြွေ၊ စံလှစာပေ)မှ

"နင် အင်္ဂဝိဇ္ဇာစာအုပ်ရေးပါလား"

ဟု ပြောသည်။

"ဆရာမ ထုတ်မလို့လား"

"နင်ရေးရင် ထုတ်မယ်"

"ဒါဖြင့် ရေးမယ်"

သို့ဖြင့် ကျွန်တော် ဤ'အင်္ဂဝိဇ္ဇာနှင့် အသုံးချဓာတ်ရိုက် ဓာတ် ဆင်ယတြာ' စာအုပ်အား ရေးဖြစ်ခဲ့သည်။ သို့သော် ပြီးပြည့်စုံသည့် ကျမ်းဟုမူ မဆိုလိုပါ။ မည်သို့ဆိုစေ ပရိသတ်



အတွက်မူ အကျိုးတစ်စုံတစ်ရာရှိမည်ဟု ယုံကြည်မိသည်။

ဤစာအုပ်ရေးဖြစ်ရန် အဘက်ဘက်မှ ပံ့ပိုးခဲ့သည့် ဆရာမ ကိုလည်း ကျေးဇူးတင်၍ မဆုံးပါ။

'စာဖတ်သူတို့၏ အကြံဉာဏ်ကို မျှော်လင့်လျက်....'

သုတေသီ သက်ထွန်းမြင့်

လိပ်စာ- သုတေသီ သက်ထွန်းမြင့်
၃၇၊ (က) မန္တလေးလမ်း (သခင်မြလမ်း)
၁၁-ရပ်ကွက်၊ သောင်ကြီး-မြောက်၊
လှိုင်သာယာမြို့။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၊ တစ် ၊

# အင်္ဂဝိဇ္ဇာ
# နည်းပညာ

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂဝိဇ္ဇာ နှင့် အသုံးချဓာတ်ရိုက်ဓာတ်ဆင်ယတြာ

## ၁။ အင်္ဂဝိဇ္ဇာနှင့် နိမိတ်တိုင်

အင်္ဂဝိဇ္ဇာပညာရပ်သည် အချိန်ပိုင်း အရေးကြီးသည့် ပညာရပ်ဖြစ်၏။ အချိန်ပိုင်းနှင့် နာရီပိုင်းဟောရသည်။ ယင်းသို့ဟောရာတွင် ကိန်းနှစ်မျိုးအား သိရန်လိုသည်။ ယင်းတို့ကား နာရီပိုင်းနှင့် ဟောရသည့်ကိန်း၊ နေ့အလိုအရ ဟောရသည့်ကိန်း ဖြစ်သည်။

ဦးစွာပထမ နေ့အလိုဟောကိန်းအား တင်ပြလိုသည်။

**'မသိကြလျှင် တွေးဆအုံး'**

ဟူသည့်စကားခုနစ်ခွန်းဖြစ်သည်။

'စိလုစာပေ'

www.burmeseclassic.com

www.burmeseclassic.com



ယင်း ခုနစ်ခွန်းက 'နိမိတ်စကား လေ့လာသူများ သိထားသင့်သည်။ ခုနစ်နေ့အတွက်ဖြစ်သည်ကို သိထားဖို့လိုသည်။

ယင်းတို့ကား...

မ = ကြာသပတေးနေ့ ဗုဒ္ဓသနေ့ယူသည်။

သိ = သောကြာနေ့ ဖွားမြင်သည်။

ကြ = တနင်္လာနေ့ တောထွက်သည်။

လျှင် = ဗုဒ္ဓဟူးနေ့ရွှေပလ္လင်အောင်တော်မူသည်။

တွေး = စနေနေ့ ဓမ္မစကြာ တရားဦးဟောသည့်နေ့။

ဆ = အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြုသည်။

အုံး = တနင်္ဂနွေနေ့ တေဇောဓာတ်လောင်ကျွမ်းသည် ဟု ဖြစ်သည်။ ယင်းတို့က ခုနစ်နေ့ နိမိတ်ဖြစ်သည်။ ထိုအတူ ကောင်းမကောင်းကြည့်ရန် အထူးလိုအပ်သည်။

ထိုအတူ အကယ်၍ ကောင်းမကောင်း တွက်ကြည့်မယ်ဆိုရင် ပထမဆုံး 'နေ့'ကိုကြည့်ပါ။

ဥပမာ-တနင်္ဂနွေနေ့ဆိုပါစို့။

စကားခုနစ်ခွန်းလင်္ကာအတိုင်း ရွတ်ဆိုပြီး တိုင်ထူရမည်။ တနင်္ဂနွေဖြစ်လျှင် 'သူရဿ၊ သောကြ၊ ဗုဒ္ဓေ၊ စန္ဒရော၊ သောရီ၊ ဂုရု-ဘောမ'ဟူ၍ အထက်အောင် တိုင်ထူဟောရမည်။

'စံလှစာပေ'



တနင်္လာနေ့ဆိုလျှင် 'စန္ဒရော' ဟုစရမည်။

'စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ'ဟူ၍ တိုင်ပိုထူဟောရမည်။

အင်္ဂါနေ့ဆိုလျှင်-

'ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု' ဟူ၍ တိုင်ထူ

ဗုဒ္ဓဟူးနေ့ဆိုလျှင်

'ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ သောမ၊ သူရဿ၊ သောကြ'ဟူ၍ တိုင်ထူ။

ကြာသပတေးနေ့ဆိုလျှင်

'ဂုရု၊ ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ' ဟူ၍ တိုင်ထူ။

သောကြာဆိုလျှင်

'သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ' ဟူ၍ ထိုင်တူ။

စနေဆိုလျှင်

'သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော' ဟူ၍ တိုင်ထူ။

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com



## နိမိတ်တိုင်အဟော

### ၁။ တနင်္ဂနွေသား/သမီးအတွက်အဟော

ဤနေ့သည် တနင်္ဂနွေနေ့ဖြစ်သောကြောင့် 'သူရဗ္ဗ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ'ဟူ၍ အထက် အောက်တိုင်ထူပါ။

တနင်္ဂနွေနေ့သည် မြတ်စွာဘုရားသခင် ဘောဓောဓာတ် လောင်တော်မူသောနိမိတ်တိုင် ဟုခေါ်သည်။





| |
|---|
| ၅ |
| ၂ |
| ၆ |
| ၁ |
| ၄ |
| ၀ |
| ၃၀ |

နိမိတ်အဟောမှာ

စိတ်သောကမအေးပါ။ ဗုဒ္ဓဟူး အင်္ဂါ၊ စနေသား သမီးဖြစ်ခဲ့လျှင် စိတ်ဒုက္ခရောက်နိုင်သည်။ ကြာသပတေး၊ တနင်္လာ၊ သောကြာသားသမီးတို့မှာ ပူပန်သောကဖြစ်သော်လည်း အနည်းငယ် သက်သာရာရစေသည်။

အဘယ်ကြောင့်ဆိုသော် မိတ်ဆက်ဖြစ်၍ (မိတ်ဖက်ဖြစ်၍ 'အောင်ပ'ခေါ်သည်။) သောကြာသားသမီးသည် ရန်ငြိုးလိစီးထားသည့်အတွက် မယားနှင့် ကွာရှင်းရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသားသမီးဖြစ်သည့် ဆပ္ပတ်၊ သောကြာဂြိုလ်စီးထားသဖြင့် ကြီးသူအတွက် စိုးရိမ်မကောင်းဖြစ်ရမည်။ ယာယီခရီးသွားပေးလျှင် ကောင်းသည်။

ဗုဒ္ဓဟူးသားသမီးမှာ ရာဟုဂြိုလ်စီးနေသဖြင့် ခြေလေးချောင်း၊ ကျွဲ၊ နွား၊ လူ ထွက်ကိန်းရှိသည်။ (သို့မဟုတ်) လေနာ၊ ဝမ်းနာ၊ ရင်နာ၊ ဥပါဒ်ဖြစ်တတ်သည်။ သို့မဟုတ် ရွှေထွက်တတ်သည်။

စနေသားသမီးမှာ ရာဟုဂြိုလ်စီးထားသဖြင့် လယ်ယာ ဥယျာဉ်နှင့်ပတ်သက်၍ စကားပြောရမည်။ ရွှေ၊ ငွေ၊ အခြေနှစ် ချောင်းထွက်တတ်သည်။

အင်္ဂါသားသမီးဖြစ်လျှင် အစွပ်အစွဲခံရမည်။ မိန်းမမှု၊ မြေမှု၊ မီးကိန်း ခိုးသူကိန်း ရှိသဖြင့် သတိထားရမည်။






## ၂။ တနင်္လာသား/သမီးအတွက်အဟော

တနင်္လာနေ့ဖြစ်သဖြင့် မြတ်စွာဘုရားသခင် တောထွက်တော်မူသည့်နိမိတ်တိုင်ဟုခေါ်သည်။

'စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သုက္ကရ၊ သောကြ၊ ဗုဒ္ဓ' ဟု အထက်အောက်တိုင်ထူရမည်။




နိမိတ်အဟောမှာ-

တောထွက်ခြင်းနိမိတ်ဖြစ်သဖြင့် 'ခရီးယာယီ' မြင်သည်။ ခရီးသွားလျှင် ကောင်းသောခရီးထွက်ခြင်းဖြစ်မည်။ အကျိုးရှိသော ခရီးဖြစ်နိုင်သည်။

ကြီးသူ (သို့မဟုတ်) သားမယားနှင့်မှု ရန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သောကြာသားသမီးဖြစ်လျှင်မူ ကောင်းသည်ဟုဆိုရသည်။

အင်္ဂါသားသမီးဖြစ်မူ မိတ်ကြိုက်စီးသည့်အတွက် မိတ်ကောင်းဆွေမွန်တွေ့နိုင်သည်။

စနေသားသမီးဖြစ်မူ အရှေ့တောင်အရပ်မှ မုဆိုးမနှင့် ပတ်သက်၍ မိန်းမနှင့် စကားများရတတ်သည်။ သို့မဟုတ် ပစ္စည်းပျောက်တတ်သည်။ ခြေနှစ်ချောင်းဥပါဒ်ဖြစ်မည်။

ကြာသပတေးသားသမီးဖြစ်မူ လယ်ယာဥယျာဉ် အခြေနှစ်ချောင်း၊ အမှုအခင်းကြုံရတတ်သည်။ မိဘဆရာသမားများနှင့် ကွေကွင်းရတတ်သည်။

ဗုဒ္ဓဟူးသားသမီးဖြစ်မူ ရောဂါဘယထူပျော့ပြီး အိမ်ထောင် ပျက်တတ်သည်။






## ၃။ အင်္ဂါသားသမီးတွက် အဟော

အင်္ဂါနေ့ဖြစ်သဖြင့် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသည့်နေ့နိမိတ်တိုင်ထူရမည်။

တိုင်ထူလျှင် အင်္ဂါနေ့ဖြစ်သဖြင့် 'ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သူရဿ၊ ဂုရု' ဟု အထက်အောက် တိုင်ထူရမည်။




နိမိတ်အဟောမှာ-

လက်ရှိအခြေအနေအတွင်း ပျက်ယွင်းသေပျောက်ကိန်းရှိသည်။ သောကြာ၊ ကြာသပတေး၊ တနင်္လာ သားသမီးဖြစ်လျှင် အညံ့ဆုံးအခြေအနေတွင် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သားသမီး အတွက်မှု အညှို့ အခက်၊ အကောင်းဆုံးရှိမည်။ စနေသားသမီးအတွက်မှု မိတ်ဂြိုလ်ပူးနေသဖြင့် ခြေနှစ်ချောင်း (သို့မဟုတ်) သက်ဝင် ကိန်း ရှိသည်။

ဗုဒ္ဓဟူးသားသမီးဖြစ်မှု အိမ်တွင်းရေးမကောင်း။ သားမယားနှင့် အချင်းများရတတ်သည်။ သို့မဟုတ် ဥယျာဉ်လယ်ယာ၊ အမှုအခင်း ရှိသည်။

သောကြာသားသမီးအတွက်မှု အလယ်ဂြိုလ်နှင့် မိတ်ဖြစ်နေသဖြင့် မိတ်ဆွေအပေါင်းအသင်းတို့နှင့် ရန်ရှိသည်။ ထို့အတူ တနင်္လာရန်ဂြိုလ်နှင့် နီးကပ်နေသဖြင့် ငွေမှု အိမ်ထောင်မှု ရှိသည်။

သို့မဟုတ် ခြေနှစ်ချောင်းထွက်ကိန်းရှိသည်။ သတိထားပါ။ တနင်္လာသားသမီးတို့အတွက် စိတ်သောကဖြစ်ရမည့် အချိန်ဖြစ်သည်။






## ၄။ ဗုဒ္ဓဟူးသားသမီးတွက်အဟော

ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်သည့် နိမိတ်တိုင်ထူရမည်။

တိုင်ထူလျှင် ဗုဒ္ဓဟူးဖြစ်သဖြင့် 'ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရန္တ၊ သောကြ' ဟု ထက်အောင်တိုင်ထူရမည်။




နိမိတ်အဟောမှာ-

တနင်္ဂနွေ၊ ကြာသပတေး၊ တနင်္လာသားသမီးဖြစ်ခဲ့သော် အကြံအစည် အောင်ကိန်းဖြစ်သည်။ စနေ၊ အင်္ဂါ၊



www.burmeseclassic.com

www.burmeseclassic.com



သောကြာသား သမီးဖြစ်ခဲ့လျှင် အညံ့ဆုံးကာလဖြစ်သည်။

ထိုအချိန်တွင် တနင်္ဂနွေ တိုင်ထိပ်၌ ရှိနေသဖြင့် ဗုဒ္ဓဟူး၊ သားသမီးတို့အတွက် ရန်ရှိသည့် အချိန်ကာလဖြစ်သည်။

ကြာသပတေးသားသမီးနှင့် မိတ်ကြုံလ်စီးနေသဖြင့် မိတ်ကောင်းဆွေကောင်းတွေ့နိုင်သည်။

ထို့အတူ တနင်္လာသားသမီးမှာလည်း ရန်ကြုံလ်စီးနေသဖြင့် မြေမှု၊ မိန်းမမှု ဖြစ်တတ်သည်။ အင်္ဂါသားသမီးသို့မဟုတ် အင်္ဂါနံထွက်တတ်သည်။ သောကြာသားသမီးသို့မဟုတ် မိန်းမ အိမ်မှ ထွက်သွားတတ်သည်။






## ၅။ ကြာသပတေးသားသမီးအဟော

ကြာသပတေးနေ့ဖြစ်သဖြင့် မြတ်စွာဘုရားသည် သန္ဓေယူ သောအခါ နိမိတ်တိုင်ထူရမည့်အချိန်အခါအရ မကောင်းသေးသည့် အချိန်အခါဟု ဆိုရမည်။

တိုင်ထူလျှင် 'ဂုရု၊ ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရိ' ဟု ထက်အောက်တိုင်ထူရမည်။




နိမိတ်အဟောမှာ-

မိမိအိမ်တွင် သို့မဟုတ် သုံးအိမ်ကြားတွင် ကိုယ်ဝန်ဆောင် ရှိမည်။ အကယ်၍ ရှိခဲ့လျှင် ခိုးသူကိန်း၊ မီးကိန်း၊ ဖျားနာကိန်း ရှိသည်။ ကြာသပတေး၊ တနင်္လာသားသမီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာသမား၊ မိဘနှင့် ရန်ရှိသည်။ ငွေကုန်ကြေးကျများချိန်လည်း ဖြစ်သည်။

မြေ၊ မြင်း၊ မိန်းမ၊ ဥယျာဉ်လယ်ယာကိစ္စတစ်ခုခုနှင့် စကားများကိန်းရှိသည်။ ကြာသပတေးသားသမီး (သို့မဟုတ်) အင်္ဂါ၊ သောကြာ သားသမီးဖြစ်လျှင် အနိုင်ရမည်။

တနင်္ဂနွေ၊ စနေ၊ ဗုဒ္ဓဟူးသားသမီးဖြစ်လျှင် ရှုံးနိုင်သည်။တနင်္လာသားသမီးဖြစ်လျှင် ကောင်းသည်။ အလုပ်အကိုင် ၊ အရောင်းအဝယ်၊ အကြံအစည် အောင်မည်။ အင်္ဂါသားသမီးဖြစ်လျှင် မိန်းမမှုနှင့် အခြေနှစ်ချောင်းဝင်ရကိန်းရှိသည်။

ကြာသပတေးသားသမီးဖြစ်လျှင် ကိုယ်ဝန်ဆောင်မိန်းမ ရှိမည်။ မမွေးမီအခြေအနေမကောင်း၊ မွေးဖွားပြီးမှ အဆင်ပြေမည်။ ဗုဒ္ဓဟူးသားသမီးအတွက် အပျက်အစီးကာလဖြစ်သည်။

စနေသားသမီးအတွက်မူ အညံ့ဆုံးကာလဖြစ်သည်။






## ၆။ သောကြာသားသမီးအဟော

သောကြာနေ့ဖြစ်သဖြင့် မြတ်စွာဘုရားသခင် ဖွားမြင်သောနေ့ နိမိတ်တိုင်ထူရမည့် အချိန်ကာလ အလိုအရ အကောင်းချိန်ဖြစ်သည်။

တိုင်ထူလျှင် 'သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ'ဟု ထက်အောက်တိုင်ထူရမည်။




နိမိတ်အဟောမှာ-

အင်္ဂါသားသမီးအတွက် အကောင်းဆုံးအချိန်ဖြစ်သည်။ မင်းခစားတို့အတွက် လာဒ်ရချိန်ဖြစ်သည်။ အထက်လူကြီးများ၏ မစမှုခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



စနေသားသမီးတို့အတွက် ဥစ္စာပစ္စည်းရှာရ ဖွေရ လွယ်ကူ ချိန်ဖြစ်သည်။

ဗုဒ္ဓဟူးသားသမီးမှာ အခြေနှစ်ချောင်းအတွက် သောက တွေ့ရချိန်။

သောကြာသားသမီးအတွက် တရားတဘောင်အမှု အခင်းရှိသည်။ သို့မဟုတ် ရန်များချိန်။ တနင်္လာ၊ ကြာသပတေး၊ စနေသားသမီးတို့အတွက် အညံ့ကာလ၊ ငွေကုန်ကြေးကျ အများဆုံးကာလဖြစ်သည်။

ကြာသပတေးသားသမီးတို့ မြေမှု၊ မိန်းမမှုဖြစ်နိုင်သည်။ အဆိုးဆုံး၊ အညံ့ဆုံးက တနင်္ဂနွေသားသမီးဖြစ်သည်။ ဖျားနာ ကိန်းရှိသည်။ ရတနာသုံးပါးဆည်းကပ်၍ ဂြိုလ်စာကျွေးသင့် သည်။





## ၇။ စနေသား/သမီးအတွက်အဟော

စနေနေ့သည် မြတ်စွာဘုရားသခင် ဓမ္မစကြာတရား ဟောတော်မူသည့် နိမိတ်တိုင်ထူရမည်။

တိုင်ထူလျှင် 'သောရီ၊ ဂုရု၊ သောမ၊ သူရဗ္ဗ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော' ဟု ထက်အောက်တိုင်ထူရမည်။

| | | |
|---|---|---|
| | ၃ | |
| | ၀ | |
| | ၄ | |
| x | ၆ | x |
| | ၂ | |
| | ၅ | |
| | ၁ | |

နိမိတ်အဟောမှာ-

အချိန်ကာလအရ အချိန်ကောင်းဟု ဆိုရမည်။ ဗုဒ္ဓဟူးသား သမီးတို့အတွက် အကောင်းဆုံး အချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စနေသားသမီးတို့အတွက်မူ ရန်ငြိုးလိစ်းနေသောအချိန်ဖြစ်သဖြင့် မြေမှု၊ မိန်းမမှုနှင့် ကြုံတွေ့ရတတ်သည်။

တနင်္ဂနွေသားသမီးမှာ ရန်ငြိုးလိစ်းထားသဖြင့် ဥယျာဉ်လယ်ယာ၊ အခြေနှစ်ချောင်းနှင့်ပတ်သက်၍ ရန်ရှိသည်။ တရားတဘောင်ဖြစ်နိုင်သော်လည်း နိုင်ခြေရှိသည့်အချိန်ဖြစ်သည်။

တနင်္ဂနွေသားသမီးမှာ တောင်အရပ်မှရန်၊ အနောက်အရပ်မှ မိတ်ကောင်းဟုဆိုသည်။ ထို့အတူ ဆရာသမား၏ မဆမှုခံရမည်။ သို့မဟုတ် လာဘ်ရနိုင်သည်။

အင်္ဂါ၊ သောကြာ၊ တနင်္လာသားတို့အတွက် အညံ့ချိန်ဖြစ်သည်။ အင်္ဂါသားအတွက်မူ မိတ်ငြိုးလိပ်ပူးနေသဖြင့် အများထက်သက်သာမည်။ တနင်္လာသားသမီးမှာ ရန်ငြိုးလိစ်းနေသဖြင့် သား မယားနှင့် ကွဲတတ်သည်။ သို့မဟုတ် ဖျားနာဥပါဒ်များချိန်ဟု ဆိုရမည်။





## ၂။ အင်္ဂဝိဇ္ဇာ နှစ်စဉ်အဟော

အင်္ဂဝိဇ္ဇာတွင် အချိန်ပိုင်းအဟောနှင့် နှစ်စဉ် အဟောဟူ၍ ရှိသည်။ ယခု တင်ပြမည်က နှစ်တို့သဘောဖြစ်သည်။ ဝေဒ သုတေသီတို့က အင်္ဂဝိဇ္ဇာပညာရပ်တွင် အမှန်များသည်ဟု ဆိုကြသည်။

တွက်နည်းလွယ်သကဲ့သို့ ကိန်းဆင်ပုံကောင်းသည်ဟု ဆိုရ ။ အချိန်က လိုတရကိန်းဟုဆိုသည်။

လက်ာနှင့် တနင်္ဂနွေအရပ်မှစ၍ ဂဏန်းရေသွင်းရမည်။ ဂဏန်းရေးသွင်းရန် လက်ာမှာ…

မိုး၊ ရွှေ၊ အုံ့၊ ခါ၊ ရွာ၊ တုံး၊ သာ၊ လှ ဟုဖြစ်သည်။

တနင်္ဂနွေအရပ်မှစ၍လက်ာစဉ်အတိုင်းရေးသွားရမည်။



www.burmeseclassic.com

www.burmeseclassic.com



### (က) တွက်နည်းဂဏန်းသွားပုံ

အသက် (၃၀)ရှိသော အင်္ဂါသားအား တွက်မည်ဆိုလျှင် အသက်ကိုတည်၊ ရှစ်ခုနှင့်စား၊ ခြောက်ခု ကြွင်းသည်။

အင်္ဂါသားဖြစ်၍ မွေးနံဂြိုလ် 'အင်္ဂါ'မှ ရေတွက်လျှင် 'ဗုဒ္ဓဟူး'ရောက်သည်။ သမမတ်ကိုကြည့်လျှင် တနင်္လာကို တွေ့ရမည်။ နှစ်လုံးတွဲလျှင် ၄၊ ၂ ဖြစ်လို့ ကောလီကိန်းကျသည်။

တွက်ပုံနှင့် ဂဏန်းသွားကိုကြည့်။

**တွက်ပုံ**

၈ ) ၃၀ ( ၃

၂၄

၆

ဂဏန်းသွားပုံ–

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၄ | * | ၂ |
| ၆ | ၀ | ၇ |





### (ခ) ကောလီကိန်း

ကောလီကိန်းကျသည့်အတွက် 'ကောင်း'သည်ဟု ဆိုရမည်။ အလှူအတန်းပြုရမည်။ အရှေ့အရပ်၊ တောင်အရပ်မှ ရွှေ ငွေ လှေ လှည်းဝင်မည်။ လူချစ်လူခင်များမည်။ ကိုယ်အလိုရှိသည့် သမီးကညာရမည်။

အရောင်းအဝယ်၊ အလုပ်အကိုင် ကောင်းမည်။

ဘုန်းကြီးရဟန်းဖြစ်ခဲ့လျှင် မိန်းမမှုပေါ်မည်ဟု တွက်ရမည်။ ကျန်းမာရေးမကောင်းတတ်၊ စိုးရိမ်ရသည့် အခြေအနေရှိမည်။

ငါးခုကြွင်းလျှင် သောကြာကို ရောက်မည်။ သမသတ်ကို ကြည့်လျှင် တနင်္ဂနွေကို တွေ့ရမည်ဖြစ်သည်။

နှစ်လုံးတွဲလိုက်လျှင် ၆ ၊ ၁ ဖြစ်မည်။

'သူအိုကိန်း'ကျတတ်ဟု ဆိုရမည်။

ဟောကိန်းတွင် ခရီးယာယီသွားရမည်။ စိတ်သောကများမည်။ အမှုဟောင်းပေါ်မည်။ အိမ်ခြေ၊ ယာခြေ၊ အတည်တကျ မရှိဖြစ်မည်။ ဥစ္စာပစ္စည်း ပျက်ခြင်း၊ မလိုမုန်းထားသူ များမည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးသားမယားအား ပြစ်မှားမိမည်။

ခြေနှစ်ချောင်း၊ ခြေလေးချောင်း ထွက်ကိန်းရှိသည်။ သူခိုး ခိုးခံရတတ်သည်။ အိမ်ထောင်ရေးမကောင်း၊ ဇနီးမယားနှင့် မကြာခဏ ခိုက်ရန်ရှိသည်။

လေးခုကြွင်းဆိုပါစို့။

လေးခုကြွင်းလျှင် စနေသို့ရောက်သည်။

သမသတ်ကြည့်လျှင် အင်္ဂါကိုတွေ့မည်။ နှစ်လုံးတွဲလျှင် '၀-၃'ဖြစ်မည်။ အင်္ဂဝိဇ္ဇာအခေါ်အဝေါ် အရ 'စောတွေ့ကိန်း' ကျ သည်။

'စောတွေ့ကိန်း' ဖြစ်သဖြင့် ကောင်းတယ်ဟု ဆိုရမည်။ ဥစ္စာပစ္စည်းတိုးတက်မည်။ ဆုကောင်းလာဘ်ကောင်းရမည်။ ရာထူးတိုးတက်မည်။ အကြံအစည်ကောင်း၍ အရောင်းအဝယ် ပွင့်လန်းမည်။ အိုးသစ်အိမ်သစ်ရမည်။

အမှုနိုင်မည်။

ကြွေးဟောင်းရမည်။

လူချစ်လူခင်များမည်။

မင်းမြှောက်စားခြင်းခံရမည်။ ဘေးကင်းမည်။





သုံးခုကြွင်းသည်ဆိုပါစို့။

သုံးခုကြွင်းလျှင် ရာဟုကိုရောက်မည်။

သမသတ်ကြည့်တော့ ကြာသပတေးမြင်သည်။ ဂြိုလ်နှစ်လုံး တွဲလျှင် ၈၊ ၅ ကျသဖြင့် ရှားမီးကျသည်ဟု ခေါ်သည်။

ရှားမီးကိန်းဆိုသဖြင့် မကောင်းကိန်းဟုဆိုရမည်။

ဥစ္စာပစ္စည်းပျက်စီးရမည်။ ဆုံးရှုံးမှု ကြုံရမည်။ အရှုပ်အနှောင်ခံရမည်။ လေနာ၊ ရင်နာ ကျရောက်ရမည်။ ကျွဲ၊ နွား၊ ကျေးကျွန်ဆုံးရှုံးမည်။

လင်မယားကွဲကိန်းရှိသည်။

အိမ်ခြေ၊ ယာခြေ အတည်မရှိဖြစ်မည်။ လူမုန်းများမည်။ အဖျားအနာထူပြောမည်။

အောက်လက်ငယ်သားများ တော်လှန်ခံရမည်။

နာဖျား၊ မကျန်းမာလျှင် စိုးရိမ်စရာဟု ဆိုရမည်။

တနင်္ဂနွေသားသမီး နာမကျန်းဖြစ်လျှင် စိုးရိမ်ရသည်။ သေကိန်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ အင်္ဂဝိဇ္ဇာ၊ လေးလကွက်နည်း

ဤကိန်းကို အင်္ဂဝိဇ္ဇာလေးလကွက်နည်းဟုခေါ်သည်။

၄င်းလေးလကွက်နည်းကို တွက်လျှင် လက်ာအတိုင် တနင်္ဂနွေ အရပ်မှ လက်ျာစဉ်အတိုင်း ဆုံးအောင်ရေးရမည်။

နောက် အင်္ဂါအရပ်မှ လက်ျာစဉ်အတိုင်း ဆုံးအောင်ရေးရမည်။ လက်ာမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၈ ၃ ၂ | ၃ ၁ ၂ | ၁ ၂ ၇ |
| ၄ ၈ ၃ | | ၀ ၅ ၂ |
| ၈ ၄ ၆ | ၄ ၆ ၀ | ၈ ၀ ၅ |





အ၊ ကြွှော၊ ဗု၊ ဒွေါ၊ သီ၊ သော၊ ရာ၊ ဇာ ဟု ဖြစ်သည်။

တွက်ပုံမှာ 'အသက်ကိုတည်' 'ရှစ်ခုနှင့်စား' 'အကြွင်း အတိုင်း မွေးနံဂြိုဟ်ရှိရာမှ လက်ဝဲမှ ရေ၊ ရောက်ရာဂြိုဟ်နှင့် သမသတ်ဂြိုဟ်ကိုတွဲ၍ ဟောရမည်ဖြစ်သည်။

ဥပမာ

မေးသူသည် အသက် (၂၅) နှစ်၊ အင်္ဂါသားဆိုပါစို့။

၈ ) ၂၅ ( ၃

၂၄

၁

'၁'ခုကြွင်း၊ အင်္ဂါသားဖြစ်သဖြင့် အင်္ဂါ လက်ဝဲမှ ရေလျှင် တစ်ခုကြွင်းဖြစ်သဖြင့်၊ အင်္ဂါတွင်ပင် ကျသည်။ အင်္ဂါဂြိုဟ်တွင် ဂြိုဟ်သုံးလုံးရှိမည်။

ပထမ ကြာသပတေး

ဒုတိယ တနင်္လာ

တတိယ တနင်္ဂနွေ

တို့အတွ၊ သမသတ်ကြည့်လိုက်လျှင် ရာဟုအိမ်၌

ပထမ ရာဟု



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ဗုဒ္ဓဟူး
တတိယ သောကြာ

ယင်းဂြိုဟ်များအား ပထမ၊ ပထမချင်းတွဲ၊ ဒုတိယ၊ ဒုတိယချင်း၊ တတိယ၊ တတိယချင်း နှစ်လုံးစီတွဲပြီး ဘာကိန်းကျသည်ကို တွက်ရမည်။

အသက် (၂၅)နှစ်၊ အင်္ဂါသားဖြစ်သဖြင့် ပထမလေးလတွင် '၅၊ ၈'ဖြစ်သဖြင့် 'ရှားမီးကိန်း'ကျသည်ဟုဆိုမည်။ ဒုတိယ လေးလတွင် '၂၊ ၄'ဖြစ်၍ ကောလီကိန်း'ကျသည်။ တတိယ လေးလတွင် '၁၊ ၆'ဖြစ်၍ သူအိုကိန်းကျသည်။

အဟောကဤသို့ဖြစ်သည်။

* **<u>'ရှား'မီးကိန်းဟောရန်</u>**

ကြာသပတေး၊ ရာဟု၊ဆုံသည့်အတွက် ရှားမီးကိန်းကျသဖြင့် မကောင်းဟု ဆိုရမည်။အရောင်းအဝယ်ပျက်စီးဆုံးရှုံးရသည်။ အမှုအခင်းဖြစ်တတ်သည်။ အိုးအိမ်အတည်တကျမရှိ နိုင်။ ဝေဒနာ၊ ရင်နာရောဂါရမည်။ အောက်လက်ငယ်သား တော်လှန်ခံရမည်။





* **<u>ကောလီကိန်း</u>**

တနင်္လာ၊ ဗုဒ္ဓဟူးတွဲသဖြင့် ကောလီကိန်းကျသည်ဆိုရမည်။ ကောလီကိန်းသည် ကောင်းကိန်းဖြစ်၏။ အရှေ့အရပ်၊ တောင်အရပ်တို့မှ ရွှေဝင်ကိန်းရှိသည်။ မြေ၊ မြင်း၊ မိန်းမ ဝင်ကိန်းရှိသည်။ လူချစ်လူခင်များမည်။ အရောင်းအဝယ်ပွင့်လင်းမည်။

* **<u>သူအိုကိန်း</u>**

တနင်္ဂနွေ၊ သောကြာတွဲသဖြင့်၊ 'သူအိုကိန်း'ဟုခေါ်သည်။ မကောင်းသည့်ကိန်းဟုဆိုသည်။ စိတ်သောကဖြစ်နေမည်။ စိတ်ဂနာမငြိမ်ဖြစ်နေမည်။ ရတနာရွှေအိမ်နှင့် အပေါင်းအသင်းပါကွဲနိုင်သည်။

သို့မဟုတ် အလုပ်အကိုင် ပြောင်းရတတ်သည်။ အိမ်ပြောင်း၊ ရွာပြောင်း၊ ဖြစ်မည်။ မပြောင်းလိုလျှင် ခရီးယာယီကြာကြာသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



*** စောထွေကိန်း**

စနေ၊ အင်္ဂါတွဲသဖြင့် စောထွေကိန်းကျသည်ဟု ခေါ်သည်။ အိမ်သစ်၊ အလုပ်အကိုင်သစ်၊ ဥယျာဉ်သစ်ရနိုင်သည်။ မိန်းမရနိုင်သည်။ အရှေ့တောင်အရပ်မှ လာဘ်ဝင်မည်။ အရောင်းအဝယ် ကောင်းမည်။

▲▲▲





## ၄။ အင်္ဂဝိဇ္ဇာနည်းဖြင့် ဒီနှစ် ဘာကုန်ပေါမလဲ တွက်နည်း

ဒီနှစ်ဘာကုန်ပေါမည်၊ ဘာတွေကောင်းမည်ကို အင်္ဂဝိဇ္ဇာနည်းဖြင့် တွက်နိုင်သည်။ တွက်နည်းက အခြားမဟုတ်။

တွက်နည်းမှာ-

ကောဇာသက္ကရာဇ်ကိုတည်၊ ၅ှစ်ခုနှင့်စား၊ အကြွင်းအတိုင်းရေး အောက်တိုင်ထူပါ။

အပေါ်သုံးလုံး 'အပေါ'

အောက်သုံးလုံး 'အရှား'



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-

သက္ကရာဇ် ၁၃၁၅ ခုနှစ်၊ ဘာကုန်ပေါမလဲ တွက်ကြည့်ပါ။

တွက်နည်း

၈ ) ၁၃၁၅ ( ၁၆၄

၈
―
၅၁
၄၈
―
၃၅
၃၂
―
၃





တိုင်ထူနည်း-

| | | |
|---|---|---|
| | ၀ | |
| | ၄ | |
| | ၁ | |
| x | ၃ | x |
| | ၆ | |
| | ၂ | |
| | ၅ | |

၁၃၁၅ ခုနှစ်အား ရှစ်ခုနှင့်စားတော့ သုံးခုကြွင်းသည်။

သုံးခုကြွင်းသည့်အတွက် 'သောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု' ဟူ၍ တိုင်ထူကြရသည်။

ယင်းသို့ တိုင်ထူလိုက်လျှင်-

စနေနံ၊ ဗုဒ္ဓဟူးနံ၊ တနင်္ဂနွေနံများအပေါ်တွင် ရှိနေသည့်အတွက် ထိုနံသင့်ကုန်များ ပေါများမည်ဟု ဆိုရမည်။

သောကြာနံ၊ တနင်္လာနံ၊ ကြာသပတေးနံ တို့အောက်တန်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိနေသဖြင့် နံ့သင့်ကုန်ပစ္စည်းများ ရှားမည်ဟု ဆိုရမည်။

သို့သော် အင်္ဂါကုန်သည် တိုင်လယ်တွင်ရှိနေသဖြင့် အင်္ဂါနံ ကုန်ပစ္စည်းသည် အတက်အကျ ခန့်မှန်းရခက်သည်။ (အတက် အကျသည် ပြုလုပ်သူ၏ ကံ၊ ဉာဏ်၊ ဝိရိယနှင့် ဆိုင်သည်ဟု ဆိုရမည်။

❖❖❖





## ၅။ ဘုမ္မိအရပ်ဘယ်မှာလဲ

ဘုမ္မိအရပ်သည် သိဖို့လိုသည်။ ထို့အတူ ဘုမ္မိအရပ်နှင့် အကျိုးအပြစ်ကိုလည်း သိထားသင့်သည်။ ထို့အတူ အခေါ်နှင့် အဓိပ္ပာယ်တို့သည် သိထားဖို့လိုသည်။

ယင်းတို့ကား…

| | | |
|---|---|---|
| ပရိဝါရ | - | အခြွေအရံများခြင်း၊ ရခြင်း |
| အာယု | - | ရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း |
| နဂရ | - | မြို့ရွာကိုရခြင်း၊ ရောက်ခြင်း |
| ဘုမ္မိ | - | အညစ်အကြေး၊ သွေးထွက်သံယို |
| တဟာပတိ | - | ဘဏ္ဍာ၊ကိုကျ၊ စပါးဆန်ရေပေါခြင်း |



www.burmeseclassic.com

www.burmeseclassic.com



ဌာန - မြဲစွဲခြင်း၊ နေရာဌာနမြဲခြင်း

သီရိ - ကြက်သရေဥယျာဉ်၊ ပန်းမာလ်စိုက်ပျိုးရာ အခေါ်အဝေါ်နှင့် အဓိပ္ပာယ်က ပြေပြေလည်လည် နားလည်ဖို့လိုသည်။ ယင်းသို့ နားလည်ထားပြီဆိုလျှင် တနင်္ဂနွေသားသမီး တို့ ဘုမ္မိအရပ်က ဘာလဲ၊ ဘယ်အရပ်ကျမလဲဆိုရင် တနင်္ဂနွေ သားသမီးအဖို့ တနင်္ဂနွေအရပ်ကလာပြီး ပရိဝါရ၊ အာယု၊ နာဂရ၊ ဂဟပတိ၊ တေဇာ၊ ဌာန၊ သီရိ ဟူ၍ ချရမည်။

**(က) တနင်္ဂနွေသား၊ သမီးဆိုလျှင်**

| ပရိဝါရ | အာယု | နာဂရ |
|---|---|---|
| သီရိ | | ဘုမ္မ |
| ဌာန | တေဇာ | ဂဟပတိ |





**(ခ) တနင်္လာသားသမီးဆိုလျှင်**

| သီရိ | ပရိဝါရ | အာယု |
|---|---|---|
| ဌာန | | နာဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ |

**(ဂ) အင်္ဂါသားသမီးဆိုလျှင်–**

| ဌာန | သီရိ | ပရိဝါရ |
|---|---|---|
| တေဇ | | အာယု |
| ဂဟပတိ | ဘုမ္မိ | နာဂရ |



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဗုဒ္ဓဟူးသားသမီးဆိုလျှင်-

| | | |
|---|---|---|
| တေဇ | ဠာန | သီရိ |
| ဂဟပတိ | | ပရိဝါရ |
| ဘုမ္မိ | နဂရ | အာယု |

(င) ကြာသပတေးသားသမီးဆိုလျှင်-

| | | |
|---|---|---|
| ဘုမ္မိ | ဂဟပတိ | တေဇ |
| နဂရ | | ဠာန |
| အာယု | ပရိဝါရ | သီရိ |

(စ) သောကြာသားသမီးဆိုလျှင်

| | | |
|---|---|---|
| အာယု | နဂရ | ဘုမ္မိ |
| ပရိဝါရ | | ဂဟပတိ |
| သီရိ | ဠာန | ဘုမ္မိ |





(ဆ) စနေသား၊ သမီးဆိုလျှင်-

| | | |
|---|---|---|
| ဂဟပတိ | တေဇ | ဠာန |
| ဘုမ္မိ | | သီရိ |
| နဂရ | အာယု | ပရိဝါရ |

ယခု ရေးခဲ့သည်အတိုင်း၊ မွေးနံ့ကြိုပ်ရှိရာမှ စ၍ ချရမည်။ 'ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဠာန၊ သီရိ အစဉ်အတိုင်း ချ၍ရေးရမည်။

ရာဟုသားသမီးဖြစ်မူ ရာဟုအရပ်မှစ၍ ချရမည်။

ဤ'ဘုမ္မိအရပ်'ထိုအရပ်ကား ပြောင်းရွှေ့နေထိုင်ခြင်းမပြုကောင်းသည့်အရပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆။ ပရိဝါရ အဟော

အင်္ဂဝိဇ္ဇာအလိုအရ သက်ရောက်ချိန်ဌာန ရှိသည်။ သက်ရောက်ဌာနတိုင်းတွင် အကောင်းအဆိုးရှိသည်။ ဒါကို သိဖို့ တွက် ကြည့်ရန်လိုသည်။

အသက်ကိုတည်၊ ရှစ်ခုနှင့်စားရမည်။ အကြွင်းအတိုင်း ရောက်ရာအရပ်ဌာနကိုကြည့်၍ ဟောရမည်။

ဥပမာ-အသက် (၄၅)နှစ်ရှိ၊ ဗုဒ္ဓဟူးသားဆိုပါစို့

```
၈ ) ၄၅ ( ၅
    ၄၀
    ──
     ၅
```





| တေဇ | ဌာန | သီရိ |
|---|---|---|
| ဂဟပတိ | | ပရိဝါရ |
| ဘုမ္မိ | နဂရ | အာယု |

အသက် (၄၅)နှစ်ရှိ ဗုဒ္ဓဟူးသား၏ သက်ရောက်ဌာနကို တွက်ကြည့်လျှင် ငါးခုကြွင်းခြင်း၊ ဗုဒ္ဓဟူးသားဖြစ်ခြင်းကြောင့် ဗုဒ္ဓဟူးမှစ၍ ငါးကွက်ရေတွက်သော် ဂဟပတိသို့ ရောက်၏။

'ဂဟပတိ'သို့ရောက်သည့်အတွက် ကောင်းသည်။ စပါးဆန်ရေ၊ ရွှေငွေရတနာပေါများမည်။ ရှာလို့ ဖွေလို့ကောင်းမည်။ စားသောက်ဖွယ်ရာပေါများမည်။ အရောင်းအဝယ်နှင့် မကောင်း ဖြစ်မည်။

'၄'ကြွင်းလျှင်

မွေးနံဗုဒ္ဓဟူးကြိုဟ်မှ လေးခုသွားသော်၊ ဘုမ္မိသို့ ရောက်၏။ 'ဘုမ္မိ'ကျသည့်အတွက် မကောင်းဟုဆိုရမည်။ မကြာခဏဖျားနာတတ်သည်။ ဥစ္စာပစ္စည်းဆုတ်ယုတ်ပျက်စီးမည်။ ရန်များမည်။



www.burmeseclassic.com

www.burmeseclassic.com



'၃' ကြွင်းလျှင်

မွေးနံ့ဗုဒ္ဓဟူးမှ လေးကွက်သွားတော့ 'နဂရ' သို့ရောက်သည်။ 'နဂရ' သို့ ရောက်သည့်အတွက် ကောင်းသည်ဟု ဆိုရမည်။ ထိုအချိန့်တွင် မြို့သစ်ရွာသစ်၊ အိုးသစ် အိမ်သစ်ရမည်။ အကြီးအကဲဖြစ်မည်။ မြို့သစ်ရွာသစ်သို့ အလည်အပတ်သွားရမည်။

'၂' ကြွင်းလျှင်

မွေးနံ့ဗုဒ္ဓဟူးမှ နှစ်ခွင်သွားတော့ 'အာယု' ကိုရောက်သည်။ အာယုကိုရောက်သည့်အတွက် အနာရောဂါကင်းမည်ဟု ဆိုရမည်။

'၁' ကြွင်းလျှင်

တစ်ခုကြွင်းလျှင် မွေးနံ့ဂြိုဟ်တွင်ကျသည့်အတွက် 'ပရိဝါရ' သို့ရောက်သည်ဆိုရမည်။ ပရိဝါရသို့ရောက်သည့်အတွက် အခြွေအရံရမည်။ လာဘ်ပေါ်မည်။





'၆' ကြွင်းလျှင်

မွေးနံ့ဗုဒ္ဓဟူးမှ ခြောက်ကွက်သွားလျှင် 'တေဇ' သို့ရောက်မည်။ တေဇကိုရောက်သည့်အတွက် ဘုန်းတန်ခိုးကြီးမည်။ သြဇာအာဏာရှိမည်။ ကုသိုလ်ကောင်းမှုပြုရမည်။

'၇' ကြွင်းလျှင်

မွေးနံ့ဗုဒ္ဓဟူး၊ အခုကိုရောက်နေသည့်အတွက် လက်ရှိရာထူးမြဲမြံမည်။ နေရာဌာနမြဲမည်။

'၀' ကြွင်းလျှင်

မူလမွေးနံ့ဗုဒ္ဓဟူး 'သိရိ' ကိုရောက်သည့်အတွက် ကိုယ်စိတ်နှစ်ပါး ချမ်းသာမည်။ ကျက်သရေတိုးမည်။ ဥယျာဉ်လက်ယာဝင်မည်။

မှတ်ချက်။ ။ ဟောသည့်အခါ မိတ်,ရန် ကြည့်၍ ဟောရန် လိုသည်။

'စာရေးသူ'



www.burmeseclassic.com

www.burmeseclassic.com



(က) ဌာနရှစ်ပါး၏ အခေါ်တစ်နည်း

| | | |
|---|---|---|
| ပရိဝါရ | = | အိမ်ဆောင်၊ နန်းတော်ဆောက် |
| အာယု | = | နံသင့် အပင်စိုက် |
| နဂရ | = | မြို့တည်၊ ရွာတည် |
| ဘုမ္မိ | = | အညစ်အကြေးစွန့်၊ သချိုင်းထား |
| ဂဟပတိ | = | စပါးကျီ၊ ဘဏ္ဍာတော် |
| တေဇ | = | ဘုရား၊ တန်ဆောင်း |
| ဌာန | = | ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ထား |
| သီရိ | = | ရေတွင်းရေကန် ဥယျာဉ် |

မှတ်ချက်။ ။ ဤအခေါ်အဝေါ်နှင့် ဤနည်းက ရှေးမြန်မာကေရာစ်များ မြို့ရွာသစ်တည်သည့်အခါ အသုံးပြုသည့်နည်း ဖြစ်သည်။

'စာရေးသူ'

(ခ) ဘုမ္မိနှစ်ချက်နှင့် ဖြစ်တတ်သည့်သဘောသဘာဝ

ဘုမ္မိသည် ဆိုးဝါးမှု၊ မကောင်းဟုဆိုရမည်။ ဝေဒပညာ





အရ အလွန်ဆိုးဝါးသည်။ ဘုမ္မိနှစ်ချက်ကိန်းဟုဆိုသည်။ ရှေးသူဟောင်းတို့က ဘုမ္မိနှစ်ချက်မိလျှင် ကျန်းကျန်းမာမာ ရှိဖို့လိုသည်ဟု ဆိုမိန့်ချက်ရှိသည်။

အဘယ်ကြောင့်ဆိုသော ဘုမ္မိနှစ်ချက်မိခဲ့လျှင် ထိုသူသည် ဖျားနာသူဖြစ် လာဦးခိုက်ရမည်ဟုဆို၏။

ထို့ကြောင့် ဘုမ္မိနှစ်ချက်မိ၊ မမိသိရန်လိုသည်။ အောက်ပါလင်္ကာနှင့်သိနိုင်သည်။

လင်္ကာက-

'ဦး၊ လှ၊ ရွာ၊ ဦး'

တနင်္ဂနွေသားသည် 'လှ' ပထမဘုမ္မိ၊ ဗုဒ္ဓဟူးဂြိုဟ်မှာ ဂြိုဟ် အိမ်ဂြိုဟ်စားပြီး 'ရွာ' ဒုတိယဘုမ္မိရာဟုဂြိုဟ်မှာ သက်ရောက်ရင် မကောင်း။

တနင်္လာသားသမီးအတွက်

'ကြာ၊ တော၊ သား' ဆိုတဲ့ လင်္ကာအတိုင်း ကြာ တနင်္လာ သားသမီးသည် 'တော' ပထမဘုမ္မိ၊ စနေဂြိုဟ်မှာ ဂြိုဟ်အိမ်၊ ဂြိုဟ်စားပြီး၊ သား ဒုတိယဘုမ္မိ၊ သောကြာဂြိုဟ် သက်ရောက်ရင် မကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးအတွက်**

'ခံ၊ ပါ၊ ဝိ'ဆိုသည့် လက်္ခဏာအတိုင်း 'ခံ'အင်္ဂါသားသည် 'ပါ' ပထမဘုမ္မိ ကြာသပတေးဂြိုဟ်မှာ ဂြိုဟ်အိမ်၊ ဂြိုဟ်စားပြီး 'ဝိ' ဒုတိယဘုမ္မိတနင်္ဂနွေ သက်ရောက်လျှင် မကောင်းပေ။

**ဗုဒ္ဓဟူးသားသမီးအတွက်**

'လေး၊ ရွာ၊ က'ဆိုသည့် လက်္ခဏာအတိုင်း

'လေး'ဗုဒ္ဓဟူးသားသည်၊ 'ရွာ'ပထမဘုမ္မိရာဟုဂြိုဟ်မှာ ဂြိုဟ်အိမ် ဂြိုဟ်စားပြီး 'က'ဒုတိယဘုမ္မိ၊ တနင်္လာတွင် သက်ရောက်လျှင် မကောင်းပေ။

**ကြာသပတေးသားသမီးအတွက်**

'မြဲ၊ ဦး၊ လှူ'ဆိုသည့် လက်္ခဏာအတိုင်း

'မြဲ' ကြာသပတေးသားသမီးသည်၊ 'ဦး'ပထမဘုမ္မိ တနင်္ဂနွေတွင် ဂြိုဟ်အိမ်၊ ဂြိုဟ်စားပြီး၊ 'လှူ'ဒုတိယဘုမ္မိ ဗုဒ္ဓဟူးဂြိုဟ်တွင် သက်ရောက်ရင် မကောင်းပေ။





**သောကြာသားသမီးအတွက်**

'သူ၊ ဇာ၊ မောင်'ဆိုသည့်လက်္ခဏာအတိုင်း

'သူ'သောကြာသားသမီးသည်၊ 'ဇာ'ပထမဘုမ္မိ၊ အင်္ဂါဂြိုဟ်မှာ ဂြိုဟ်အိမ် ဂြိုဟ်စားပြီး၊ 'မောင်'ဒုတိယဘုမ္မိ ကြာသပတေးဂြိုဟ်မှာ သက်ရောက်လျှင် မကောင်းပါ။

**စနေသားသမီးအတွက်**

'တောင်၊ ယာ၊ နွား'လက်္ခဏာအတိုင်း

'တောင်'စနေသားသမီးသည် 'သား'ပထမဘုမ္မိ သောကြာမှာ ဂြိုဟ်အိမ်ဂြိုဟ်စားပြီး၊ နွား ဒုတိယဘုမ္မိ အင်္ဂါဂြိုဟ်မှာ သက်ရောက်ရင် မကောင်းပေ။

မှတ်ချက်။ ။ ရာဟုသားသမီးများ၊ ဗုဒ္ဓဟူးသားသမီး အတိုင်း ယူရမည်။

'စာရေးသူ'



www.burmeseclassic.com

www.burmeseclassic.com



## ၇။ အင်္ဂဝိဇ္ဇာ မူလတိုင်အဟော

အင်္ဂဝိဇ္ဇာနည်းကျယ်စွာဟူသည့် လက်္ကာရှိသည်။ ဟောနည်း အမျိုးမျိုး၊ တွက်နည်းအမျိုးမျိုးနှင့် ကျယ်ဝန်းသည့် ကျမ်းတစ်ခု ဖြစ်သည်။

အင်္ဂဝိဇ္ဇာ မူလတိုင်အဟောဟု ရှိသည်။

သည်အဟောအတွက် တွက်နည်းရှိသည်။

တွက်နည်းမှာ မူလသက္ကရာဇ်ကိုတည် ကုသိုလ်၊ အကုသိုလ် 'နှစ်ခု' ရော၊ ခုနစ်ခုနှင့်စား။ အကြွင်းကို တိုင်ထူ၍ ဟောရသည်။





သက္ကရာဇ်။။ ၁၂၇၃ ခုနှစ် ဖွားသားသမီးဆိုရင်-

၁၂၇၃
၂
၇ ) ၁၂၇၅ ( ၁၀၂
၇
၅၇
၅၆
၁၅
၁၄
၁

မူလသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ မွေးသည့် တနင်္ဂနွေသားအား တွက်ကြည့်လျှင် စနေ ကြွင်းသည်။ တစ်ခုကြွင်းသည့်အတွက် 'သူရဒ္ဓ' မှစ၍ 'သောကြာ၊ ဗုဒ္ဓ၊ နေရော၊ သောရီ၊ ဂုရု၊ ဘောမ' ဟူ၍ တိုင်ထူရသည်။

တိုင်ထူပုံကား....



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၅ | |
| | ၂ | |
| | ၆ | |
| x | ၁ | x |
| | ၄ | |
| | ၀ | |
| | ၃ | |

မူလအဟောမှာ အောက်ပါအတိုင်းဖြစ်သည်။

သူရဇ္ဇနှစ်တွင် မွေးသည့် တနင်္ဂနွေသားအတွက် ထိုသူရဇ္ဇနှစ်ဖွား တနင်္ဂနွေသားသမီးများ အကျင့်ကောင်းမရှိ။ ယုတ်ညံ့သည့် စိတ်ရှိသည်။ အကျင့်ကောင်းရန် ဆင်ခြင်ဖို့လိုသည်။ ဆင်ခြင်ခြင်းဖြင့် ကောင်းသွားလျှင် မိဘဆရာသမား၏ အမွေကို ရနိုင်သည်။

နံနက်အဟောက အမှုများပွဲတတ်သည်။ ခရီးအသွားအလာ များမည်။ အခြွေအရံ ကျွန်ရမည်။ ပစ္စည်းဥစ္စာ မပေါမများ ရှိမည်။

'စံလှစာပေ'



သူရဇ္ဇနှစ်တွင် မွေးသည့် တနင်္လာသားများသည် ရသေ့ရဟန်းဖြစ်ဖို့များသည်။ သို့မဟုတ် မှူးမတ်သေနာပတိဖြစ်မည်။ အခြွေအရံများ၍ ပစ္စည်းဥစ္စာပြည့်စုံမည်။ မိဘဆရာသမား ချစ်ခင်မည်။ ထိုသူများက ခရီးသွားခြင်း နှစ်သက်သူများဖြစ်သည်။

သူရဇ္ဇနှစ် အင်္ဂါ သားသမီးများသည် ယုတ်မာစိတ်၏ ခင်းမှုခြင်း၊ စိုးမိုးခြင်းခံရသဖြင့် သူတော်ကောင်းတို့အား ဆော်ကားမိတတ်သည်။ ပြစ်မှားမိတတ်သည်။ သောကအမှု များမည်။ မျက်စေ့ချို့ယွင်းမည်။ မျက်စေ့စောင်း မျက်စေ့မှုန်မည်။ ကပ်သုံးပါးတွေ့မည်။ ရေ၊ လေ၊ လှည်း အတွက် ဒုက္ခသောက များမည်။

သူရဇ္ဇနှစ်ဖွား ဗုဒ္ဓဟူးသားသမီးများအတွက်မူ အဖအတွက် သောကများမည်။ တနင်္ဂနွေနံအတွက် သောကတွေ့မည်။ မကောင်းမှု၏ ဖုံးကွယ်ခြင်းကိုခံရမည်။ အကြီးအကဲ မေ့စခြင်းကို မခံစားရ။

သူရဇ္ဇနှစ်ဖွား ကြာသပတေးသားမှာ ဘုန်းတန်ခိုးကြီးသူများဖြစ်မည်။ အကြီးအကဲ၏ မစခြင်းခံရမည်။ သြဇာအာဏာ ရှိမည်။ ပညာကြီးသူဖြစ်မည်။ ဘုန်းကြီး ရဟန်းဖြစ်နိုင်သည်။

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com



သူရဇ္ဇနှစ်ဖွား သောကြာသားများသည် ကောင်းသော အကျင့်စာရိတ္တနှင့် ပြည့်စုံသူများဖြစ်၏။ အခြံအရံပြည့်စုံပြီး မင်း ပူဇော်ခြင်းခံရမည်။ မင်းချီးမြှောက်ခြင်း၊ ဆရာသမား၊ မိဘချီးမြှောက်ခြင်းခံရမည်။ ငွေကြေးကမူ ရကုန်ဖြစ်နေမည်။

သူရဇ္ဇနှစ်ဖွား စနေသားများကမူ စုန်းနတ်ပယောဂ အန္တ များမည်။ အဖျားအနာ ထူပြောမည်။ စုန်းနတ်ပယောဂအလုပ် ဖြင့် အကျိုးဖြစ်ထွန်းနိုင်သည်။

**(ခ) ၂ ခုကြွင်း စန္ဒရော နှစ်ဖွားများ**

မူလ၊ သက္ကရာဇ်၊ ၁၂၇၄ ခုနှစ်၊ တနင်္ဂနွေသား ကုသိုလ် အကုသိုလ်နှစ်ပါးနှင့်ရော၊ ခုနစ်နှင့်စား





```
        ၁၂၇၄
           ၂
        ------
၇    )  ၁၂၇၆  (  ၁၀၂
         ၇
        ------
         ၅၇
         ၅၆
        ------
          ၁၆
          ၁၄
        ------
           ၂
```

မူလသက္ကရာဇ် ၁၂၄၇ ဖွား တနင်္ဂနွေသားအတွက် ၂ ခု ကြွင်းသည်။ နှစ်ခုကြွင်းဖြစ်သဖြင့် 'စန္ဒရော' ကစပြီး သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ ဟူ၍ တိုင်ထူရမည်။ တိုင်ထူပုံကား-



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၈ | |
| | ၃ | |
| | ၀ | |
| x | ၂ | x |
| | ၅ | |
| | ၁ | |
| | ၄ | |

အဟောကား-

စန္ဒရော နှစ်ဖွား၊ တနင်္ဂနွေသားမှာ လေနာရောဂါဝေဒနာ ခံစားရမည်။ သူ့ဘဝအတွက် ဗုဒ္ဓဟူးသားသမီး၊ ဗုဒ္ဓဟူးနံနှင့် အကျိုးမဖြစ်ထွန်း။ ပစ္စည်း၊ ဥစ္စာအဖတ်မတင်၊ ကိုယ်ဒူးကိုယ်ချွန် သမားဖြစ်မည်။ သူတစ်ပါး အကူအညီမရ။ သူတစ်ပါးကို အားကိုးမရသောဘဝပိုင်ရှင်များဖြစ်သည်။

စန္ဒရောနှစ်ဖွား၊ တနင်္လာသားများမှာ ယုတ်မာသူများနှင့် ပေါင်းဖော်ရသကဲ့သို့ တွေ့ရတတ်သည်။ ယုတ်မာစိတ်ကင်းသူ ပူးကပ်ပြီး ခံရမည်။ မိန်းမမှု၊ မြေမှုနှင့် ပတ်သက်၍ မကြာခဏ စကားပြောရမည်။





အိမ်ခြေရာခြေမရှိဘဲ အပြောင်းအရွှေ့များနေမည်။ မိတ်ကောင်းဆွေကောင်းကို မတွေ့ရ။ အကျိုးယုတ်စေသည့် မိတ်ဆွေများသာ အတွေ့များနေမည်။

စန္ဒရောနှစ်ဖွား အင်္ဂါသားသမီးများကမူ ပညာဉာဏ်ကြီးသူများ၊ မှူးမတ်များဖြစ်မည်။ အဆွေခင်ပွန်းတို့၏ အမွေကိုဆက်ခံ ရမည်။ အသက်ရှည်ပြီး အကြီးအကဲတို့၏ စောင့်ရှောက်ခြင်းခံ စားရမည်။

စန္ဒရောနှစ်ဖွား ဗုဒ္ဓဟူးသားသမီးများသည် ပညာဉာဏ်နည်းပြီး ယုတ်မာစိတ်မင်းမူခံရမည်။ ကိုယ်ဒူးကိုယ်ချွန် နိုကိုးရာမဲ့သမားများမည်။ အခြွေအရံ ကျေးကျွန်မဲ့မည်။ ငွေရငွေကုန် ဘဝဖြစ်နေမည်။ မကောင်းသော အပေါင်းအသင်း၊ မကောင်းသော ဆရာသမားတို့ကိုသာ တွေ့ရမည်။

ခြေလက်အင်္ဂါချို့တဲ့နေတတ်သည်။ အမိအဖ အမွေကို မခံစားရ။ ဆင်းရဲတွင်းနက်မည်။ အိမ်ခြေပျက်မိန်းမနှင့် ပေါင်းဖက် ရမည်။

စန္ဒရော နှစ်ဖွား၊ ကြာသပတေးသားသမီးများသည် ညာမဲ့သူများဖြစ်၏။ ကိုယ်က မှီခိုရသည်။ အပေါင်းအသင်း ဆရာသမားတို့ကလည်း ကောက်ကျစ်စဉ်းလဲသူများသာ ဖြစ်မည်။ ငွေကြေးအရ ရကုန်ဖြစ်နေမည်။ အမိအဆွေက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာ ဖြစ်မည်။ တနင်္လာနံအတွက် အမြဲစိတ်မချမ်းမသာ ဖြစ်နေမည်။

သောကြာနံ၊ စနေနံ အရောင်းအဝယ်ပြုလျှင် တော်သေး၏။

စန္ဒရောနှစ်ဖွား သောကြာသားသမီးများသည် ဘုန်းကြီးရဟန်းအဖြစ်များ၏။ အကြီးအကဲအဖြစ် ပြည့်စုံသူများဖြစ်သည်။ မင်းမှူးမတ်ဖြစ်မည်။

စန္ဒရောနှစ်ဖွား စနေသားသမီးများကမူ အကြီးအကဲဖြစ်မည့် သူများဖြစ်သည်။ ဆုတ်ကောင်း လာဘ်ကောင်းရတတ်သည်။ ကိုယ်ထက်ကြီးသူများနှင့် မသင့်မတင့်ဖြစ်တတ်သည်။ မိန်းမအတွက် သောကများမည်။

ဆေးဆရာ၊ မော်ဆရာတို့နှင့် အဆွေခင်ပွန်းဖြစ်မည်။ အိမ် ခြေယာခြေမြေ။ ငွေကြေးရကုန်ဖြစ်နေမည်။

## ဂ။ ၃ ကြွင်းဘောမနှစ်ဖွားတို့အတွက်

မူလသက္ကရာဇ် ၁၂၇၅ ခုနှစ်ဖွား တနင်္ဂနွေသားဆိုလျှင် မူလသက္ကရာဇ်အား ကုသိုလ်၊ အကုသိုလ် နှစ်ပါးနှင့်ရော၍ ခု နှစ်နှင့်စားလျှင် သုံးခုကြွင်း၏





```
      ၁၂၇၅
       + ၂
     ------
၇  ) ၁၂၇၇ (  ၁၈၂
      ၇
     ----
      ၅၇
      ၅၆
     ----
       ၁၇
       ၁၄
      ----
        ၃
```

ယင်းသို့ (၃)ခုကြွင်းသည့်အတွက် 'ဘောမ'မှစ၍ 'သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု'ဟူ၍ တိုင်ထူရမည်။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၀ | |
| | ၄ | |
| | ၁ | |
| x | ၃ | x |
| | ၆ | |
| | ၂ | |
| | ၅ | |

အဟောကား…

◆ ဘောမနှစ်ဖွား တနင်္ဂနွေသားသမီးများမှာ ကျောက်ကုန်သည်၊ သို့မဟုတ်၊ ကျွဲနွားကုန်သည်ဖြစ်မည်။ ကျွဲနွားပေါများမည်။ ကျွဲနွားကြောင့် ပစ္စည်းဥစ္စာဖြစ်နိုင်သည်။ ရွှေ၊ ငွေ၊ လှည်းအတွက် သောကဖြစ်ရမည်။ မြေ၊ မြင်း၊ မိန်းမအတွက် ငွေကုန်ကြေးကျ များမည်။

◆ ဘောမနှစ်ဖွား တနင်္လာသားများမှာ မြေ၊ မြင်း၊ မိန်းမ အတွက် သောကများသူများ ဖြစ်မည်။ ဗုဒ္ဓဟူးနံ ရွှေ၊ လှေ၊ လှည်း၊ လူ အပြောင်းအလဲများမည်။ အခြေအရံ ကျွန်ရမည်။ အိမ်ခြေ၊ ယာခြေ တည်မြဲမည်။ စနေနံ





အရောင်းအဝယ်ပြုလျှင် တိုးတက်ကြီးပွားနိုင်သည်။

◆ ဘောမနှစ်ဖွား အင်္ဂါသားသမီးများသည် ဆရာသမားကောင်းကို မတွေ့ရ။ ကြီးကဲသူများ၏ ချစ်ယောင်ပြုခြင်းကို ခံရမည်။ တနင်္ဂနွေသားသမီး၊ တနင်္ဂနွေနံအတွက် ကြာခဏ ပြဿနာဖြစ်ရမည်။ ထိုကာလ၌ စကားများ၊ အမှုအခင်းဖြစ်လျှင် အရှုံးနှင့်ရင်ဆိုင်ရမည်။ မြေအတွက် မိန်းမအတွက် ငွေကုန်ကြေး ကျများမည်။

◆ ဘောမနှစ်ဖွား ဗုဒ္ဓဟူးသားသမီးများမှာ ရွှေ၊ လှည်း၊ လှေ လူအဝင်အထွက်နှင့်ပတ်သက်၍ အကျိုးခံစားရမည်။ ကျွဲ၊ နွားပေါမည်။ တနင်္ဂနွေနှင့်ပတ်သက်၍ အမှုအခင်း ဖြစ်တတ်သည်။ ဖြစ်လျှင် ကိုယ်ကနိုင်မည်။ သောကြာသားသမီးတို့နှင့် အပေါင်းအသင်း မလုပ်သင့်။ ထိုနံနှင့်ပတ်သက်၍ အရောင်းအဝယ်လုပ်လျှင် ဆုံးပါးနိုင်သည်။

◆ ဘောမနှစ်ဖွား ကြာသပတေးသားသမီးများမှာ ပညာ မရှိ၊ ငွေမရှိသူများဖြစ်မည်။ ကိုယ်ဒူးကိုယ်ချွန်သမား၊ အားကိုးရာမဲ့များ ဖြစ်သည်။ မြေမှု၊ မိန်းမမှု မကြာခဏဖြစ်သည်။ ကိုယ်အင်္ဂါချို့ ယွင်းသည့်ရောဂါသည်များဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



♦ ဘောမနှစ်ဖွား သောကြာသားသမီးများက ရုပ်အဆင်းအင်္ဂါချို့တဲ့မည်။ မင်းစိုးရာဇာတို့၏ ညှင်းဆဲခံ ဘဝရောက်ခဲ့သူများ ရောက်နေသူများဖြစ်မည်။ အိမ်ထောင်ရေးကံမကောင်း။ စိတ် မမှန်သော ရောဂါသည်မိန်းမရမည်။ စနေ၊ ဗုဒ္ဓဟူး၊ သားသမီးများအား မှီခိုလျှင် သက်သာရာရမည်။

♦ ဘောမနှစ်ဖွား စနေသားသမီးများက ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်သူ၊ မင်းစိုးရာဇာဖြစ်မည်။ အခြွေအရံများသူ ရွှေ ငွေပစ္စည်းပြည့်စုံသူဖြစ်မည်။ အဖက်ဖက်မှ ပြည့်စုံသည့် မိန်းမ ရနိုင်သည်။





**ဃ။ ၄ ခုကြွင်း ဗုဒ္ဓနှစ်ဖွားတို့အတွက်**

မူလသက္ကရာဇ် ၁၂၇၆ ခုနှစ်ဖွား တနင်္ဂနွေသားတို့အတွက် တွက်မည်ဆိုလျှင် မူလသက္ကရာဇ်ကိုတည် ကုသိုလ်၊ အကုသိုလ် နှစ်ပါးနှင့်ရော၊ ခုနစ်ခုနှင့်စားရသည်။

၁၂၇၆

+၂

၇ ) ၁၂၇၈

၇

၅၇

၅၆

၁၈

၁၄

၄




www.burmeseclassic.com

www.burmeseclassic.com



၄ ခုကြွင်းသည့်အတွက် 'ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ သောမ၊ သူရန္ဓ၊ သောကြ' ဟူ၍ တိုင်ထူရမည်။




'ဗုဒ္ဓ' နှစ်ဖွား အဟောကား-

◆ 'ဗုဒ္ဓ' နှစ်ဖွား တနင်္ဂနွေသားများမှာ လူအများ မှီခိုရာဖြစ်မည်။ ပညာထင်ပေါ်ကျော်ကြားသူဖြစ်မည်။ ရုပ်အဆင်းလှမည်။ ပစ္စည်း ဥစ္စာပြည့်စုံသည့် မိန်းမရမည်။

◆ ဗုဒ္ဓနှစ်ဖွား တနင်္လာသားများမှာ မင်း၊ မိန်းမကို အမှီပြု၍ ကြီးပွားမှုရမည်။ ရွှေ၊ ငွေ၊ လှည်း၊ လူအတွက်





အမှုအခင်းဖြစ်မည်။ သူကျေးဇူးသိသူ၊ ပညာရှိဖြစ်မည်။ သို့သော် ကျော်စောသူမဖြစ်။ သားမယားတို့အတွက် ကျေးဇူး မခံစားရ။

◆ ဗုဒ္ဓနှစ်ဖွား အင်္ဂါသားများမှာ အကြီးအကဲမှီခိုသ မရသူဖြစ်မည်။ မယားကြောင့် သောကဝေရမည်။ ယုတ်မာ စိတ် မင်းမှုခြင်းခံရမည်။ အခြွေအရံ ကင်းသူဖြစ်မည်။

◆ ဗုဒ္ဓနှစ်ဖွား ဗုဒ္ဓဟူးသားသမီးများမှာ ရွှေ ငွေရတနာ ပြည့်စုံမှုရှိမည်။ ပစ္စည်းရှိသော မိန်းမကို ရမည်။ မိန်းမကို မှီခိုရသူဖြစ်မည်။ မင်းမှုထမ်းဝန်ထမ်းအဖြစ် အသက်မွေးသူ ဖြစ်မည်။ အပေါင်းအသင်းကောင်းကို မတွေ့ရ။ အောက် သက်ငယ်သား ငြူငြင်ခံရမည်။ စိတ်ယုတ်အနည်းငယ်ရှိသည်။

◆ ဗုဒ္ဓနှစ်ဖွား ကြာသာပတေးသားသမီးများမှာ ပညာ ကြီး၍ ထင်ပေါ်ကျော်ကြားသူများဖြစ်မည်။ စိတ်ကောင်းရှိ သူများဖြစ် သည်။ ငွေကြေးရှာဖွေရလွယ်ကူသူများဖြစ်မည်။ မင်းစိုးရာဇာထံမှ လာဘ်ရမည်။ ရုပ်ဆင်းအင်္ဂါ ကြည့်ပျော်ရှု ဆျော်ရှိမည်။

◆ ဗုဒ္ဓနှစ်ဖွား သောကြာသားများမှာ သူတကာထက် စိတ် ထားယုတ်ညံ့သူများ ဖြစ်နေမည်။ အောက်တန်းကျ သူများဖြစ်မည်။ အမတ်စစ်သူကြီးတို့ မင်းမှုထမ်းတို့၏ နှိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်ခြင်းခံရမည်။ သား မယား၏ အနိုင်အထက်ပြုခြင်းခံရမည်။ မကောင်းသော အဆွေခင်ပွန်းနှင့် တွေ့မည်။ မကောင်းသူများနှင့် ပေါင်းဖက်ရမည်။ ကိုယ်ပြုသမျှ အကောင်းအထင် မခံရတတ်သူများဖြစ်သည်။

◆ ဗုဒ္ဓနှစ်ဖွား စနေသားသမီးများမှာ မဲညစ်သော အသွေးအရောင်ရှိမည်။ အားကိုးအားထားမရှိဘဲ ကိုယ်ဒူးကိုယ်ချွန်၍ ဒုက္ခနှင့် နပန်းလုံးနေရသူဖြစ်မည်။





### င။ (၅) ခုကြွင်း ဂုရုနှစ်ဖွားတို့အတွက်

မူလသက္ကရာဇ် ၁၂၇၇ ခုနှစ်၌ မွေးသည့် တနင်္ဂနွေသားတို့အတွက် တွက်မည်ဆိုလျှင် မူလသက္ကရာဇ်ကိုတည် ကုသိုလ် အကုသိုလ်နှစ်ခုနှင့်ရော၍ ၇ နှစ်ခုနှင့်စားရမည်။

```
      ၁၂၇၇
         ၂
      ------
၇ )   ၁၂၇၉ ( ၁၈၂
      ၇
      ------
       ၅၇
       ၅၆
      ------
        ၁၉
        ၁၄
        ----
         ၅
```



www.burmeseclassic.com

www.burmeseclassic.com



(၅)ခုကြွင်းသည့်အတွက် 'ဂုရုမှုစ၍' ဘောမ၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သော်ရိ ဟူ၍ တိုင်ထူရမည်။

| | | |
|---|---|---|
| | ၂ | |
| | ၆ | |
| | ၃ | |
| x | ၅ | x |
| | ၁ | |
| | ၄ | |
| | ၀ | |

ဂုရုနှစ်ဖွားအဟောကား-

◆ ဂုရုနှစ်ဖွား တနင်္ဂနွေသားတို့သည် ယုတ်ညံ့သည့်စိတ်ရှိ၏။ မင်းပြစ်မင်းဒဏ်ခံ ရက်ိန်းရှိသည်။ ရုပ်ဆင်းအင်္ဂါညံ့၍ အရိုးမှ ဖြစ်သည့် ရောဂါရမည်။ ငွေကြေးရက်ုန်ဖြစ်မည်။ မယားနှင့် မကြာခဏ စကားများမည်။ အိမ်ထောင်ရေးမကောင်း။ အိမ် မကြာခဏပြောင်းရမည်။ အိမ်ခြေအတည်တကျမရှိ။





◆ ဂုရုနှစ်ဖွား တနင်္လာသားတို့မှာ မင်းဖြစ်မည်။ အသားဖြူ၍ ကြက်သရေမင်္ဂလာရှိမည်။ ကောင်းသောအကျင့်ရှိမည်။ ပစ္စည်းဥစ္စာ ပြည့်စုံသည့် ဇိန်းမရမည်။ သို့သော် မိန်းမအတွက် သောကအနည်းငယ် တွေ့နိုင်သည်။

◆ ဂုရုနှစ်ဖွား အင်္ဂါသားတို့မှာ စစ်သူကြီးဖြစ်မည်။ အခွမ်းသတ္တိပြည့်စုံသူ လက်ရုံးရည်နှလုံးရည် ပြည့်စုံသူဖြစ်မည်။ လူရိုသေ ရှင်ရိုသေဖြစ်မည်။ အရှင့်ကျေးဇူးသိသူဖြစ်မည်။

◆ ဂုရုနှစ်ဖွား ဗုဒ္ဓဟူးသားတို့မှာ အဖနှင့် တကျက်ကျက် ရန်ဖြစ်သူဖြစ်မည်။ အမိအဖ အမွေကို မရသူဖြစ်မည်။ အသားအရေညစ်မဲမဲရှိမည်။ မိမိအား မှီခိုသည့် မိတ်ဆွေများ၏ကျေးဇူးကန်းခြင်းခံရမည်။ မိတ်ကောင်းဆွေကောင်းမရနိုင်။ ငွေရလွယ်သော်လည်း သောကမကင်း ရှိမည်။ မိန်းမအတွက် နှဲ့ဝတ်သက်ပြီး သောကမကြာခဏဖြစ်ရမည်။ အိုးအိမ်တည်မြဲခြင်းမရှိ။

◆ ဂုရုနှစ်ဖွား ကြာသပတေးသားတို့မှာ သူ့ကျေးဇူးသိ သူများဖြစ်မည်။ အမတ်စစ်သူကြီးတို့၏ နှိပ်စက်ခြင်းခံရမည်။ မိတ်ဆွေအပေါင်းအသင်းတို့၏ လေးစားခြင်းခံစားရ။ ပျော်ရွှင်မှုကို နှစ်ခြိုက်သူများဖြစ်မည်။ ဝါသော



www.burmeseclassic.com

www.burmeseclassic.com



အဆင်းရှိမည်။ ကြီးကဲသူအတွက် သောကဖြစ်ရမည်။

♦ ဂုရုနှစ်ဖွား သောကြာသားတို့မှာ အမတ်စစ်သူကြီးဖြစ်မည်။ လောဘကြီးသူဖြစ်မည်။ ပစ္စည်းဥစ္စာ ပြည့်စုံမည်။ တနင်္လာ သားသမီးအတွက် သောကဖြစ်ရမည်။ ရုပ်ဆင်းလှပသူဖြစ်မည်။

♦ ဂုရုနှစ်ဖွား စနေသားတို့မှာ ဆင်းရဲဒုက္ခ အကြီးအကျယ် ရောက်ရမည်။ သူ့ကျေးဇူးမသိသူဖြစ်မည်။ မဲညိုသော အဆင်းရှိမည်။ အကြောနှင့်ပတ်သက်သော ရောဂါရမည်။ မြေ၊ မြင်း၊ မိန်းမပြောင်းလွဲခြင်း မကြာခဏ ဖြစ်မည်။





### စ။ ၆ နှကြွင်း 'သောကြ' နှစ်ဖွားတို့အတွက်

မူလသက္ကရာဇ် ၁၂၇၈ ခုနှစ်ဖွား တနင်္လာသားတို့အတွက် တွက်လျှင် မူလသက္ကရာဇ်ကိုတည် ကုသိုလ်၊ အကုသိုလ်နှစ်ခု နှင့် ရော ခုနစ်ခုနှင့် စားရမည်။

၁၂၇၈
၂
၇ ) ၁၂၇၀ ( ၁၈၂
၇
၅၈
၅၆
၂၀
၁၄
၆



www.burmeseclassic.com

www.burmeseclassic.com



(၆)ခုကြွင်းသည့်အတွက် 'သောကြာ'မှစ၍ 'ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရန္ဓ'ဟူ၍ တိုင်ထူရမည်။

| | | |
|---|---|---|
| | ၃ | |
| | ၀ | |
| | ၄ | |
| x | ၆ | x |
| | ၂ | |
| | ၅ | |
| | ၁ | |

သောကြာနှစ်ဖွား အဟောကား-

◆ သောကြာနှစ်ဖွား တနင်္ဂနွေသားမှာ ယုတ်ညံ့သည့် အမှု၌ ပျော်မွေ့မည်။ မင်းပြစ်မင်းဒဏ်သင့်မည်။ သားသမီးတို့ အနိုင်ကျင့်ခြင်း ခံရမည်။ ငွေမရှိ ဆင်းရဲမည်။ မုဆိုးမ (သို့မဟုတ်) သက်ကြီးရွယ်အိုမိန်းမတို့မှ မစမည်။ အရိုးကျိုး သည့် အနာ၊ ရိုးဖွဲအနာ ဖြစ်မည်။ အိမ်ခြေယာခြေ အတည် မရှိနိုင်။





◆ သောကြာနှစ်ဖွား တနင်္လာသားမှာ အမိအဖ အမွေ ကို မရ။ ရေပေါ်များရာဌာန ရေနီးရာဌာနများ၌ ပျော်မွေ့နေ မည်။ ငွေမရှိ ဆင်းရဲမည်။ မိန်းမအတွက် စိတ်သောက ဖြစ်မည်။

◆ သောကြာနှစ်ဖွား အင်္ဂါသားမှာ စစ်သူကြီးအကြီးအကဲ ဖြစ်မည်။ ဘုန်းတန်ခိုးကြီးမည်။ ကိုယ်အကျိုး၊ သူ့အကျိုး သိသူ ဖြစ်သည်။ ရုပ်ဆင်းလှမည်။ ကျွဲနွားဆင်မြင်း ရမည်။ မိန်းမအတွက် ငွေအတွက်သောက ဖြစ်ရမည်။

◆ သောကြာနှစ်ဖွား ဗုဒ္ဓဟူးသားမှာ ကောင်းသော အကျင့် ရှိမည်။ စနေသားသမီးကို အမှီပြုပြီး မှူးမတ်အရာ ရှိဖြစ်နိုင်သည်။ စုန်းနတ်၊ ပယောဂနှင့်ပတ်သက်ပြီး ဥစ္စာ ဆုံးရှုံးရမည်။ ကြက်သရေရှိမည်။

◆ သောကြာနှစ်ဖွား ကြာသပတေးသားမှာ ငွေကြေး မရှိ ဆင်းရဲသူဖြစ်မည်။ ဥစ္စာမဲ့သူ ပညာရေး ကံမကောင်း သူဖြစ်မည်။ ကိုယ့်ဒူး၊ ကိုယ်ချွန်ရမည်။ အိမ်ယာအတည်မရှိ။ မိန်းမမမြဲ။



www.burmeseclassic.com

www.burmeseclassic.com



◆ သောကြာနှစ်ဖွား သောကြာသားမှာ ရေရှိရာပျော်သူများ ဖြစ်မည်။ ခြေနှစ်ချောင်းအတွက် ငွေအတွက် သောကဖြစ်နေရသူဖြစ်မည်။ မိန်းမနှင့်အပျော်အပါး မက်မောသူဖြစ်မည်။ ငွေရ ကုန်ဖြစ်မည်။

◆ သောကြာနှစ်ဖွား စနေသားမှာ ကျော်စောမှုရှိမည်။ သူ့အကျိုး၊ ကိုယ့်အကျိုးသယ်သူဖြစ်မည်။ ငွေကြေးရကုန်ဖြစ်မည်။ ရွှေ၊ ငွေ၊ လှည်း ပြည့်စုံမည်။ အင်္ဂါသားသမီးမ,စခံရမည်။ အင်္ဂါနံနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမည်။





## ဆ။ သုညကြွင်း သောရီဖွားတို့အတွက်

မူလသက္ကရာဇ် ၁၂၇၉ ခုနှစ် မွေး တနင်္ဂနွေသားတို့အတွက် တွက်မည်ဆိုလျှင် မူလ သက္ကရာဇ်ကိုတည် ကုသိုလ်၊ အကုသိုလ် နှစ်ခုရော၊ ခုနစ်နှင့်စားရမည်။

```
       ၁၂၇၉
      +   ၂
     ------
  ၇ )  ၁၂၈၁  ( ၁၈၃
       ၇
     ----
       ၅၈
       ၅၆
     ----
        ၂၁
        ၂၁
      ----
         ၀
```



www.burmeseclassic.com

www.burmeseclassic.com



(ဝ)ကြွင်းသည့်အတွက် 'သောရီ'မှစ၍ 'ဂုရု၊ သောမ၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော'ဟူ၍ တိုင်ထူရမည်။

| | | |
|---|---|---|
| | ၄ | |
| | ၁ | |
| | ၅ | |
| x | ၀ | x |
| | ၃ | |
| | ၆ | |
| | ၂ | |

BURMESE CLASSIC .com

သောရီဖွားအဟောကား-

◆ သောရီနှစ်ဖွား တနင်္ဂနွေသားမှာ မင်းဖြစ်မည်။ မြင့်မြတ်သော စည်းစိမ်ခံစားရမည်။ ရွှေ၊ ငွေ၊ လှည်းဝင်လျှင် ခိုက်မည်။ မိန်းမအတွက် ငွေအတွက် သောကရှိမည်။

◆ သောရီနှစ်ဖွား တနင်္လာသားမှာ မင်းမိန်းမတို့၏ အစေအပါးဖြစ်မည်။ အကျင့်မကောင်းဖြစ်မည်။ မြေငွေ မရှိ ဆင်းရဲမည်။ ငွေအတွက် မိန်းမအတွက် ဒုက္ခတွေ့နိုင်သည်။





◆ သောရီနှစ်ဖွား အင်္ဂါသားမှာ မိမိမှ ပြုစုစောင့်ရှောက်ခဲ့သည့် မိတ်ဆွေအပေါင်းအသင်းတို့၏ လိမ်ကောက်ခြင်းခံရမည်။ ခရီးသွားက အသက်မွေးရသော်လည်း ငွေကြေးမရှိ။ ဆင်းရဲမည်။ ငွေကုန်ကြေးကျများမည်။ ကြာသပတေးသားသမီးများ မစမည်။ သို့မဟုတ် မိကြီးဘဆွေးတို့ မ,စမည်။ ကြာသပတေးနံ အကျိုးပေးမည်။

◆ သောရီနှစ်ဖွား ဗုဒ္ဓဟူးသားမှာ မင်းမျိုးဖြစ်လျှင် မင်းဖြစ်မည်။ ဆင်းရဲသူဖြစ်လျှင် လူချမ်းသာဘဝရမည်။ ဥစ္စာဝစ္စည်း ပြည့်စုံမည်။ ဂုဏ်သရေရှိမည်။ စကားအပြောအဆို လိမ္မာမည်။

◆ သောရီနှစ်ဖွား ကြာသပတေးသားမှာ ပညာအရောင်နှင့် ကျော်စောမည်။ မိတ်ကောင်းဆွေကောင်းပေါစေမည်။ အသား အရေဝါရွှေမည်။ ကျေးဇူးသိသူဖြစ်သည်။

◆ သောရီနှစ်ဖွား သောကြာသားမှာ စကားမမှန် မုသား ပြောသူဖြစ်မည်။ ငွေကြေးပြည့်စုံခြင်းမရှိ။ ဆင်းရဲမည်။ ငွေ အတွက် မကြာခဏသောကဖြစ်နေမည်။ သူ့အကျိုး ကိုယ့်အကျိုး မသိသူဖြစ်မည်။ သွေးတိုးရောဂါ (သို့မဟုတ်) အကြောဝေဒနာရှင်ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



◆ သောရီနှစ်ဖွား စနေသားမှာ ဆင်းရဲပင်ပန်းကြီးမည်။ မိန်းမအတွက်ရတတ်မအေး ဖြစ်ရမည်။ အကြီးအကဲတို့ နှိပ်စက်ခြင်းခံရမည်။ မဲနက်သည့်အရောင်ရှိပြီး အကြောဝေဒနာ ခံစားရသူ ဖြစ်မည်။

❖❖❖





## ၈။ အင်္ဂဝိဇ္ဇာအခါ ရှစ်ပိုင်းယူပုံ

အင်္ဂဝိဇ္ဇာပညာသည် ဝေဒပညာတွင် အခါပိုင်းနှင့် ဟောရသည့်အတွက် အခါပိုင်း သိဖို့အထူးအရေးကြီးသည်။

အင်္ဂဝိဇ္ဇာ အခါပိုင်းဟောချင်သူများအတွက် သတိပြုမှတ်သားရန်အခါပိုင်းမှာ-

တနင်္ဂနွေအတွက် အခါရှစ်ပိုင်း

♠မနက် ၆ နာရီ မှ ၇ နာရီခွဲ သူရန္တ - ၁
♠မနက် ၇ နာရီခွဲမှ ၉ နာရီထိ သောကြ - ၆
♠မနက် ၉ နာရီမှ ၁၀ နာရီခွဲ ဗုဒ္ဓ - ၄
♠မနက် ၁၀နာရီခွဲ ၁၂ နာရီတိုင် စန္ဒရော - ၂
♠ မနက်၁၂နာရီမှ ၁ နာရီခွဲတိုင် သောရီ - ၀



www.burmeseclassic.com

www.burmeseclassic.com



♠ မနက် ၁ နာရီမှ ၃ နာရီတိုင် ဂုရု - ၀

♠ မနက် ၃ နာရီမှ ၄ နာရီခွဲတိုင် ဘောမ - ၃

♠ မနက် ၄ နာရီခွဲမှ၆ နာရီတိုင် သူရဿ - ၁

**တနင်္ဂနွေနေ့အတွက်အခါတိုင်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |

♦တနင်္ဂနွေနေ့ ၇-နာရီအတွင်းဆိုလျှင် သူရဿခေါ် တနင်္ဂနွေ အခါကျသည်။ တနင်္ဂနွေကျသည့်အတွက် 'သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရိ၊ ဂုရု၊ ဘောမ'ဆိုပြီး အထက်အောက်တိုင် ထူရသည်။





(တိုင်ထူပုံ လက်ဝဲဘက် ပထမ ဆုံးတိုင်ကြည့်)

♦ တနင်္ဂနွေနေ့ ၈ နာရီဖြစ်လျှင် 'သောကြ'အချိန်ကျသည့်အတွက် 'သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရိ၊ ဂုရု၊ ဘောမ၊ သူရဿ'ဆိုပြီး တိုင်ထူရသည်။

(တိုင်ထူပုံ လက်ဝဲဘက် ဒုတိယတိုင်ကြည့်)

တွင် တိုင်ထူပုံများကိုကြည့်လျှင် သူ့အချိန်နှင့်သူဂြိုဟ်အရ တိုင်ထူရသည်ကို သိကြမည်ပင်။

သို့သော် ဤသဘောသည် တနင်္ဂနွေအတွက်သာဖြစ်သည်ကို လေ့လာလိုက်စားသူများသိထားရမည်ဖြစ်သည်။

**တနင်္လာအတွက် အခါရှစ်ပိုင်း**

)♠ မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် စန္ဒရော - ၂

♠မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် သောရိ - ၀

♠မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင် ဂုရု - ၅

♠မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် ဘောမ - ၃

♠မနက် ၁၂ နာရီမှ ၁ နာရီခွဲတိုင် သူရဿ - ၁



www.burmeseclassic.com

www.burmeseclassic.com



၁ နာရီခွဲမှ ၃ နာရီတိုင် သောကြာ - ၆

၃ နာရီမှ ၄ နာရီခွဲတိုင် ဗုဒ္ဓ - ၄

၄ နာရီခွဲမှ ၆ နာရီတိုင် စန္ဒရော - ၂

တနင်္လာနေ့အခါတိုင်

၆ ၄ ၂ ၀ ၅ ၃ ၀ ၆

၃ ၁ ၆ ၄ ၂ ၀ ၅ ၃

၀ ၅ ၃ ၁ ၆ ၄ ၂ ၀

၂- ၀- ၅- ၃- ၁- ၆- ၄- ၂

၅ ၃ ၁ ၆ ၄ ၂ ၀ ၅

၁ ၆ ၄ ၂ ၀ ၅ ၃ ၁

၄ ၂ ၀ ၅ ၃ ၁ ၆ ၄

အင်္ဂါနေ့အခါရှစ်ပိုင်း

♠မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် ဘောမ - ၃

♠မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် သူရဿ - ၁

♠မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင် သောကြာ - ၆





♠မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် ဗုဒ္ဓ - ၄

♠မနက် ၁၂ နာရီမှ ၁ နာရီခွဲတိုင် စန္ဒရော - ၂

၁ နာရီခွဲမှ ၃ နာရီတိုင် သောရိ - ၀

၃ နာရီမှ ၄ နာရီခွဲတိုင် ဂုရု - ၅

၄ နာရီခွဲမှ ၆ နာရီတိုင် ဘောမ - ၃

အင်္ဂါနေ့ အခါတိုင်

၀ ၅ ၃ ၁ ၆ ၄ ၂ ၀

၄ ၂ ၀ ၅ ၃ ၁ ၆ ၄

၁ ၆ ၄ ၂ ၀ ၅ ၃ ၁

၃- ၁- ၆- ၄- ၂- ၀- ၅- ၃

၆ ၄ ၂ ၀ ၅ ၃ ၁ ၆

၂ ၀ ၅ ၃ ၁ ၆ ၄ ၂

၅ ၃ ၁ ၆ ၄ ၂ ၀ ၅

ဗုဒ္ဓဟူးနေ့အခါရှစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



♠မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် ဗုဒ္ဓ - ၄
♠မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် စနေရော - ၂
♠မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင် သောကြာ - ၀
♠မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် ဂုရု - ၅
♠နေ့က် ၁၂ နာရီမှ ၁ နာရီခွဲတိုင် ဘောမ - ၃
၁ နာရီခွဲမှ ၃ နာရီတိုင် သူရှ - ၁
၃ နာရီမှ ၄ နာရီခွဲတိုင် သောကြ - ၆
၄ နာရီခွဲမှ ၆ နာရီတိုင် ဗုဒ္ဓ - ၄

ဗုဒ္ဓဟူးနေ့ အခါတိုင်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| -၄- | ၂- | ၀- | ၅- | ၃- | ၁- | ၆- | ၄ |
| ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |

'စိလုစာပေ'



ကြာသပတေးနေ့အခါရှစ်ပိုင်း

♠ မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် ဂုရု - ၅
♠ မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် ဘောမ - ၄
♠ မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင် သူရှ - ၁
♠ မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် သောကြ - ၆
♠ မနက် ၁၂ နာရီမှ ၁ နာရီခွဲတိုင် ဗုဒ္ဓ - ၄
၁ နာရီခွဲမှ ၃ နာရီတိုင် စနေရော - ၂
၃ နာရီမှ ၄ နာရီခွဲတိုင် သောရီ - ၀
၄ နာရီခွဲမှ ၆ နာရီတိုင် ဂုရု - ၅

ကြာသပတေးနေ့ အခါတိုင်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| -၅- | ၃- | ၁- | ၆- | ၄- | ၂- | ၀- | ၅- |
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |

'စိလုစာပေ'

www.burmeseclassic.com

www.burmeseclassic.com



၄ ၂ ၀ ၅ ၃ ၁ ၆ ၄
၀ ၅ ၃ ၁ ၆ ၆ ၂ ၀

**သောကြာနေ့အခါရှစ်ပိုင်း**

♠ မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် သောကြ - ၆
♠ မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် ဗုဒ္ဓ - ၄
♠ မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင်စနေ့ရော - ၂
♠ မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် သောရိ - ၀
♠ မနက် ၁၂ နာရီမှ ၁ နာရီခွဲတိုင် ဂုရု - ၅
၁ နာရီခွဲမှ ၃ နာရီတိုင် ဘောမ - ၃
၃ နာရီမှ ၄ နာရီခွဲတိုင် သူရန္တ - ၁
၄ နာရီခွဲမှ ၆ နာရီတိုင် သောကြ - ၆





**သောကြာနေ့ အခါတိုင်**

၃ ၁ ၆ ၄ ၂ ၀ ၅ ၃
၀ ၅ ၃ ၁ ၆ ၄ ၂ ၀
၄ ၂ ၀ ၅ ၃ ၁ ၆ ၄
၆- ၄- ၂- ၀- ၅- ၃- ၁- ၆
၂ ၀ ၅ ၃ ၁ ၆ ၄ ၂
၅ ၃ ၁ ၆ ၄ ၂ ၀ ၅
၁ ၆ ၄ ၂ ၀ ၅ ၃ ၁

**စနေနေ့အခါရှစ်ပိုင်း**

♠ မနက် ၆ နာရီမှ ၇ နာရီခွဲတိုင် သောရိ - ၀
♠ မနက် ၇ နာရီခွဲမှ ၉ နာရီခွဲတိုင် ဂုရု - ၅
♠ မနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲတိုင် ဘောမ - ၃
♠ မနက်၁၀နာရီခွဲမှ၁၂နာရီခွဲတိုင် သူရန္တ - ၁



www.burmeseclassic.com

www.burmeseclassic.com



♠ မနက် ၁၂ နာရီမှ ၁ နာရီခွဲတိုင် သောကြာ - ၆

၁ နာရီခွဲမှ ၃ နာရီတိုင် ဗုဒ္ဓ - ၄

၃ နာရီမှ ၄ နာရီခွဲတိုင် စန္ဒရော - ၂

၄ နာရီခွဲမှ ၆ နာရီတိုင် သောရီ - ဝ

**စနေနေ့ အခါတိုင်**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၄ | ၂ | ဝ | ၅ | ၃ | ၁ | ၆ | ၄ |
| | ၁ | ၆ | ၄ | ၂ | ဝ | ၅ | ၃ | ၁ |
| | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ဝ | ၅ |
| - | ဝ- | ၅- | ၃- | ၁- | ၆- | ၄- | ၂- | ဝ |
| | ၃ | ၁ | ၆ | ၄ | ၂ | ဝ | ၅ | ၃ |
| | ၆ | ၄ | ၂ | ဝ | ၅ | ၃ | ၁ | ၆ |
| | ၂ | ဝ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |

အခါတိုင်နည်းကဤအတိုင်းဖြစ်သည်။ အမြဲတမ်းလေ့လာပါ။

'စံလှစာပေ'



## ၉။ အင်္ဂဝိဇ္ဇာအခါပိုင်းဟောပုံ

အင်္ဂဝိဇ္ဇာ ပညာရပ်သည် အချိန်ပိုင်း အခါပိုင်းနှင့် ဟောရ သည့်ပညာရပ်ဖြစ်သည်။ ထို့ကြောင့် အချိန်ပိုင်း၊ အခါပိုင်းကို ကျေညက်ရန်လိုသည်။

အင်္ဂဝိဇ္ဇာ အခါပိုင်းတွက်လျှင်-

တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန်မှာ မေးလာလျှင် ထိုအချိန် သည် သူရဿအချိန်ဖြစ်၏။ အခါတိုင်ကို ပြန်ကြည့်ပါ။

သူရဿ ကစ၍ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ ဟူ၍ အထက်အောက်တိုင်ထူရသည်။

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com



### (က) တနင်္ဂနွေ သူရဇ္ဇ အချိန်

| | | |
|---|---|---|
| | ၅ | |
| | ၂ | |
| | ၆ | |
| x | ၁ | x |
| | ၄ | |
| | ၀ | |
| | ၃ | |

'သင်က ဘာနေ့သားလဲ'မေး၍ 'တနင်္ဂနွေသားဆိုလျှင်.. ကျွန်၊ ကျွဲနွား၊ သားသမီးအတွက် သောကဖြစ်နေသည်။ အိမ်အနီး တွင် ရောက်ပင်၊ သံပုရာပင်၊ မယ်ဇာလီပင်၊ ဝါးပင်၊ သရက်ပင် တစ်ခုခုရှိမည်။ အိမ်နှင့် လေးတောင်အကွာရှိလျှင် မကောင်း၊ 'ဖ'တောင်ရှိလျှင် ကောင်းသည်။

တနင်္ဂနွေမိတ် ကြာသပတေး စီးနေသည့်အတွက် အိမ်အနောက်အရပ်တွင် ဆရာသမား၊ ဘုန်းကြီး၊ ဘိုးဘွား၊





ယောကျ္ာမ ရှိမည်။ တောင်ဘက်လေးအိမ်ခြား၌ မုဆိုးမ၊ အိမ်တော်ပျက်မိန်းမ ရှိမည်။ လေနာ၊ ပန်နာ စွဲသူရှိမည်။ အနောက်ဘက်တွင် နတ်စင်၊ နတ်ကွန်း၊ နတ်ကတော် ရှိမည်။ ဆွေမျိုးသားချင်း ရှိမည်။ ရှိရင် မကောင်း။ ပျက်စီးမည်။

တနင်္ဂနွေ၏ အုန်းညိုဆိုသည့် ရန်မြင်သည့်အတွက် အရှေ့တောင်မှ ရန်ရှိမည်။ အင်္ဂါနံ့ စိန်၊ စောင်၊ ရွှေ၊ အခြေလေးချောင်း တစ်ခုခုထွက်မည်။ အိမ်တွင် အသက်ကြီးသူရှိမည်။ ပညာရှိ၊ ရှိမည်။ မိတ်ကောင်းဆွေကောင်းရမည်။ မြေ၊ မြင်း၊ မိန်းမရမည်။

ယခုနေ့သည် အိမ်၌ ကြာသပတေးသားသမီး တနင်္လာ၊ သောကြာသားသမီးရှိလျှင် ဥစ္စာဖြစ်ထွန်းမည်။ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါသားသမီးရှိလျှင် မကောင်း၊ အကျိုးဖြစ်ထွန်းမှုမရှိ။ တနင်္ဂနွေသားမှာ ယခုအချိန် စီးပွားပျက်၊ စိတ်သောကရောက်နေမည်။

◆ <u>တနင်္လာသားဆိုလျှင်</u>

ယခုနေသည် အိမ်၌ စီးပွားဖြစ်ထွန်းမည်။ မိန်းမအတွက် သောကရှိမည်။ ဆရာသမား၊ မိထွေး၊ ဘကြီးနှင့် ရွှေငွေလယ်ယာဝင်မည်။ သားသမီးရှိလျှင် မသင့်မအင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမည်။ လှည်း၊ လှေ၊ လူ ထွက်မည်။ စိန်၊ စောင့်ရှောက် မည်။ ရွှေထွက်မည်။

♦ **အင်္ဂါသားဆိုလျှင်**

ယနေ့နေလယ် အိမ်တွင် စီးပွားမဖြစ်ထွန်း၊ အိမ်ပြောင်းမှ ကောင်းမည်။ အနောက်အရပ်သို့ ပြောင်းရမည်။ မိန်းမရှိလျှင် မိန်းမက နိုင်မည်။ ပန်းနာ၊ ချောင်းဆိုးရောဂါရမယ်။ အိမ်တောင်ဘက်၌ ရေတွင်းရေကန်ရှိမည်။ ဘုရားတန်ဆောင်း သချိုင်းရှိမည်။ အလုပ်အကိုင် အရောင်းအဝယ် မကောင်းဖြစ်နေမည်။

♦ **ဗုဒ္ဓဟူးဆိုလျှင်**

ယခုနေသော အိမ်အကျိုးမပေး။ ပြောင်းမှကောင်းမည်။ ဆက်နေရင် ခိုက်မည်။ ရွှေ၊ လှေ၊ လှည်း၊ လူအတွက် အချင်းများရမည်။ တရားတဘောင်မြင်သည်။ အင်္ဂါနံ၊ အင်္ဂါသား သမီး ကျေးကျွန်ဆုံးမည်။ အကျိုးမပေး။ ငွေကြေးအတွက် သောကမအေးဖြစ်ရမည်။ အိမ်မြောက်ဘက်တွင်





တိုးကွယ်ဆည်းကပ်ရ မည့်လူရှိမည်။ စိတ်အနှည်းငယ်အေးလိုလျှင် မြောက်အရပ်မှ မိမိ ကိုးကွယ်သည့်ဆရာသမားနှင့် ဘုန်းကြီး သို့မဟုတ် ဆရာသမား ပညာရှိကို ဆည်းကပ်ပါ။

♦ **ကြာသပတေးသားသမီးဆိုလျှင်**

ယခုနေသည့်အိမ်က အကျိုးပေးမည်။ မင်းအမတ်ဖြစ်မည်။ ပညာရှိမည်။ မင်းပူဇော်ခံရမည်။ သားကောင်း မယားကောင်းရ မည်။ မြောက်အရပ်မှ မြေ၊ မြင်း၊ ဥယျာဉ်၊ လယ်ယာ ထင်မည်။

♦ **သောကြာသားသမီးဆိုလျှင်**

လက်ရှိနေသောအိမ်အကျိုးပေးမည်။ စီးပွားဖြစ်မည်။ ခြိမည်။ သားကောင်း မယားကောင်းရမည်။ သားသမီးအတွက် သောကဝေရမည်။ စိန်၊ စောင်၊ ဆံစု၊ ထီး၊ ဖိနပ်၊ ရွှေ တစ်ခုခု ထွက်မည်။ ပျောက်လျှင် ပျောက် မပျောက်လျှင် ပျက်စီးမည်။



www.burmeseclassic.com

www.burmeseclassic.com



◆ **စနေသားသမီးဆိုလျှင်**

ဒီအိမ်က အပူနှင့်မကင်းသည့်အိမ်ဖြစ်မည်။ မကောင်း။ အိမ်ပြောင်းသင့်သည်။ ငွေကြေး အခက်အခဲကြုံမည်။ မိန်းမမှု၊ မြေမှု၊ အမှုအခင်းရှိသည်။ မင်းပစ်မင်းဒဏ် ခံရမည်။ မိန်းမ နိုင်မည်။ မိန်းမပြဿနာရှိမည်။ အခိုင်းအစေခံရမည်။ သူခိုး ခိုးခံရမည်။ ဓားပြတိုက်ခံရမည်။

**(ခ) တနင်္ဂနွေ 'သောကြ' အချိန်**

တနင်္ဂနွေ နံနက် ၈ နာရီက 'သောကြ' အချိန်ကျသည်။ ထို့ကြောင့် 'သောကြ' မှ စပြီး 'ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ' ဟူ၍ အထက်အောက်တိုင်ထူရသည်။





| | | |
|---|---|---|
| | ၃ | |
| | ၀ | |
| | ၄ | |
| x | ၆ | x |
| | ၂ | |
| | ၅ | |
| | ၁ | |

◆ **တနင်္ဂနွေသားဆိုလျှင်**

မကောင်းသောအချိန်ဖြစ်မည်။ အိမ်၊ မြေ၊ မိန်းမ၊ ဥယျာဉ်နှင့်ပတ်သက်၍ အမှုအခင်းရှိမည်။ ငွေကြေး ခက်ခဲနေမည်။ မိန်းမ၏ ကြီးမှူးအုပ်ချုပ်လွှမ်းမိုးခြင်းခံရမည်။ တနင်္လာ၊ ကြာသ ပတေးသားသမီးရှိလျှင် ရန်ဖြစ်သည်။ အိမ်ခြေ ယာခြေ အတည်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



♦ **တနင်္လာသားဆိုလျှင်**

မိန်းမ၊ ငွေကြေးနှင့် ခြေနစ်ချောင်းအတွက် သောကဝေနေရမည်။ မြေမှု၊ မိန်းမမှုဖြစ်မည်။ အိမ်၊ လယ်ယာ၊ ဥယျာဉ် ဆုံးရှုံး ရမည်။ အိမ်အနောက်တွင် မကျည်းပင်ရှိမည်။ ရှိလျှင် မကောင်း လာဘ်တိတ်မည်။

♦ **အင်္ဂါသားဆိုလျှင်**

အချိန်ကောင်းဖြစ်သည်။ စိတ်ကောင်း လာဘ်ကောင်း ဝင်နိုင်သည်။ ရွှေ၊ ငွေ၊ လှည်း၊ လယ်ယာဝင်မည်။ ထီးဖိနပ်၊ နားတောင်း ပျက်စီးမည်။ ပျောက်ဆုံးမည်။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံနှင့် ပတ်သက်၍ အကျိုးခံစားရမည်။ မုဆိုးမ မစမည်။ ဩဇာအာဏာ နှင့် ဘုန်းတန်ခိုးပြည့်စုံမည်။

♦ **ဗုဒ္ဓဟူးသားဆိုလျှင်**

အိမ်အတွက် စကားများရမည်။ တနင်္ဂနွေသား သမီးအတွက် စိတ်မကောင်းဖြစ်နေမည်။ မြင်း၊ မြေအတွက် စကားပြောရမည်။ ငွေကြေးဆုံးပါးမည်။ အမိအဖအတွက် ပူဆွေးသောကရှိမည်။ စိန်၊ စောင်၊ ဆံစု၊ စိန်ဘီး၊ ရွှေဘီးဝင်မည်။ ရွှေကြယ်သီးဝင်မည်။





♦ **သောကြာသားဆိုလျှင်**

ယနေ့ပင် ခြေနစ်ချောင်းအတွက် ငွေကြေးအတွက် ပူပင် သောကရှိမည်။ အားကိုးအားထားမဲ့နေမည်။ ကိုယ်ဒူး ကိုယ်ချွန် ရမည်။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ အပေါင်းအသင်းပြုလျှင် အကျိုးပေးမည်။ ထီး၊ ဖိနပ်၊ နားတောင်း၊ အဝင်အထွက် ရှိသည်။ တောင် အရပ်မှ ရွှေ၊ ငွေ၊ လှည်း ဝင်မည်။

♦ **စနေသားဆိုလျှင်**

စိတ်ကောင်း၊ လာဘ်ကောင်း ဝင်မည့်အချိန်ဖြစ်သည်။ ရွှေဘီး၊ ရွှေဘယက်၊ ရွှေရင်ထိုးဝင်ကိန်း ရှိသည်။ စစ်နှင့်ပတ်သက်၍ အကျိုးခံစားရမည်။ အကြီးအကဲ မစမည်။ အခြေအရံ၊ ကျွန်၊ ကျွဲ၊ နွား၊ ရမည်။ မုဆိုးမ မစမည်။ အင်္ဂါသား၊ သမီး စောင်မကြည့်ရှုမည်။ စစ်ထဲဝင်လျှင် စစ်ဗိုလ်ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈။ တနင်္ဂနွေ၊ ဗုဒ္ဓအချိန်

တနင်္ဂနွေနံနက် ၉ နာရီခွဲဆိုလျှင် 'ဗုဒ္ဓ'အချိန်ဖြစ်၍ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရန္ဓ၊ သောကြ'ဟူ၍ အထက် အောက်တိုင်ထူရမည်။

| | | |
|---|---|---|
| | ၁ | |
| | ၅ | |
| | ၂ | |
| x | ၄ | x |
| | ၀ | |
| | ၃ | |
| | ၆ | |





◆ <u>တနင်္ဂနွေသားဆိုလျှင်</u>

မင်းပွဲတော်ခံရမည်။ မင်းစိုးရာဇာတို့ ကြည့်ရှုစောင့်ရှောက်မည်။ မစမည်။ မင်းမှုထမ်းဆိုလျှင် ရာထူးတိုးမည်။ ရာထူးရာခံရမည်။ ခြေနှစ်ချောင်းဝင်မည်။ ရွှေငွေ၊ ရတနာ ကျောက်သံ ပတ္တမြားရမည်။ မြေ၊ မြင်း၊ မော်တော်ကား ဝင် မည်။ အိမ် အနောက်စူးစူးတွင် ရွှေ၊ လျော၊ လှည်း၊ ရှိလျှင် နေရာပြောင်းလိုက်ပါ။

အနောက်မြောက်ထောင့်၊ အနောက်စူးစူးမှ ရွှေသည် ခသန့်။ ဘုရားရွှေဖြစ်မည်။ မထားသင့်။ နိုက်တတ်သည်။ အခိုင်းအစေ၊ ကျေးကျွန်သင်မြတ်မည်။ သောကြာသားသမီး၊ သောကြာနံ ကုန်ပစ္စည်း ဆုံးရှုံးမည်။

◆ <u>တနင်္လာသားဆိုလျှင်</u>

မြောက်အရပ်မှ မြေ၊ မြင်း၊ မိန်းမ၊ ဥယျာဉ်လယ်ယာဝင်မည်။ မင်းမိန်းမ၊ မင်းကတော် မစမည်။ ကျောက်သံပတ္တမြား ဝင်မည်။ စိန်၊ စောင်၊ ဆံစု၊ ထီး၊ ဖိနပ်၊ နာတောင်း၊ သတ္တာပောင်း ပျောက်မည်။ ထွက်မည်။ အဖနှင့်တူသူတို့မှ မမည်။ အကြံကောင်း ဉာဏ်ကောင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



♦ **အင်္ဂါသားဆိုလျှင်**

အောက်လက်ငယ်သား တော်လှန်ခံရမည်။ ထီး၊ ဖိနပ်၊ ဆံစု၊ စောင်၊ စိန်၊ စိန်ကြယ်သီး၊ ရွှေရင်ထိုး၊ မီးလောင်မှုဆိုး၊ ပုဆိုးဟောင်း တစ်ခုခုပျောက်မည်။ မိန်းမ၏အနိုင်ကျင့်ခြင်းသဲဇာ လွှမ်းမိုးခြင်းခံရမည်။ ရွှေဝင်ကိန်းရှိသည်။ ရွှေထွက်ကိန်းရှိမည်။

♦ **ဗုဒ္ဓဟူးသားဆိုလျှင်**

အောင်မြင်ဖို့ နီးနေပြီ။

မြေ၊ မြင်း၊ မိန်းမ၊ လယ်ယာ၊ ဉယျာဉ် ဝင်မည်။ ငွေရနိုင်သည်။ ငွေရလွယ်မည်။ အိမ်အနောက်၌ မကျည်းပင်ရှိမည်။ ဝေးလျှင် မကောင်း။ ငါးတောင်ရှိလျှင် ကောင်းသည်။ လာဘ်ရမည်။ အဖနှင့်တူသူ မ,စမည်။ သားကောင်း သမီးကောင်း မရ။ သားသမီး ကျေးကျွန်အတွက် မခံစားရ။





♦ **ကြာသပတေးသားဆိုလျှင်**

ယခုပင် အဖနှင့်တူသူ (သို့မဟုတ်) မင်းစိုးရာဇာ မစမည်။ (သို့မဟုတ်) မြေ၊ မြင်း၊ မိန်းမ၊ ဉယျာဉ်၊ လယ်ယာဝင်မည်။ ခြေနှစ်ချောင်းဝင်မည်။ ငွေဝင်မည်။ ငွေလွယ်လွယ်ရမည်။ စနေနံ ကုန်ပစ္စည်း၊ သောကြာနံကုန်ပစ္စည်း၊ စနေနံကုန်ပစ္စည်း အရောင်းအဝယ်မပြုလျှင် ကောင်းသည်။ အကျိုးမခံစားရ။ ဆုံးရှုံးမှုသာဖြစ်မည်။ သားသမီး ကျေးကျွန်အကျိုးမပေး။ ကျွဲ၊ နွား၊ ကျွန် အတွက် သောကဖြစ်မည်။ အမှုအခင်း ဖြစ်မည်။

♦ **သောကြာသားဆိုလျှင်**

လင်ရှိမိန်းမအကြီးအကဲရမည်။ သို့မဟုတ် စစ်သူကြီး စစ်ဗိုလ်၏ အနှိပ်အစက်ခံရမည်။ စစ်နှင့်ပတ်သက်၍ အမှုအခင်း ရှိမည်။ ဖြစ်လျှင် ရှုံးမည်။ ယခုအခါ ကံဇာတာနိမ့်ကျချိန် ဆိုရမည်။ မခန့်လေးစားအပြောခံရမည်။ မီးလောင်ခံရခြင်း၊ သူခိုး ခိုးခံရခြင်း၊ ဓားပြတိုက်ခံရခြင်းနှင့် ကြုံမည်။ အညံ့ဆုံးအချိန်ဖြစ်သည်ကို သတိပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



## ♦ စနေသားဆိုလျှင်

ရွှေဝင်လာသည်ကို လက်ခံမိသဖြင့် အမှုအခင်းဖြစ်မည်။ အရောင်းအဝယ်ရှိလျှင် ရောင်းပါ။ သတ္တိထားရမည့်အချိန်ဖြစ်သည်။ သားမယား၊ ကျွန်၊ ကျွဲ၊ နွား၊ ထွက်မည်။ ကြီးကဲသူတို့နှင့် မသင့်မတင့် ဖြစ်မည်။ စိတ်လေနေမည်။ အိမ်အနောက်ဘက်၌ မကျည်းပင်၊ ငှေပန်းပင်၊ ပေါက်ပန်းဖြူပင်၊ ဂမုန်းပင်၊ စံပယ်ပင် ရှိမည်။ အိမ်အနီး ငါးတောင်ရှိလျှင် ကောင်းသည်။ ဝေးလျှင် မကောင်း။ မည်သည့်အပင်မှ မရှိလျှင် ဘုရား၌ ကြာပန်းလှူပါ။ ငွေဝင်မည်။

❖❖❖





### ဃ။ တနင်္ဂနွေ 'စန္ဒရော'အချိန်

တနင်္ဂနွေမနက်ပိုင်း ၁၁ နာရီဆိုလျှင် 'စန္ဒရော' ဆိုသည် 'စန္ဒ' အခါဖြစ်သည်။ သို့တွက် 'စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရိန္ဒ၊ သောကြ၊ ဗုဒ္ဓ' ဟူ၍ အထက်အောက်တိုင်ထူရမည်။

| | | |
|---|---|---|
| | ၆ | |
| | ၃ | |
| | ၀ | |
| x | ၂ | x |
| | ၅ | |
| | ၁ | |
| | ၄ | |



www.burmeseclassic.com

www.burmeseclassic.com



♦ တနင်္ဂနွေသားဆိုလျှင်

မိကြီး၊ မိထွေးကြည့်ရှုစောင့်မထားသူဖြစ်မည်။ သို့မဟုတ် မင်းမှုထမ်းဖြစ်မည်။ ငွေကရကုန်ဖြစ်နေမည်။ မိန်းမနိုင်သူ၊ မိန်းမ ဩဇာလွှမ်းမိုးခံရသူဖြစ်မည်။ သားသမီးရှိရင် တကျက်ကျက် ဖြစ်မည်။ အိမ်ခြေယာခြေ အတည်မရှိ။ မကြာခဏ အိမ်ပြောင်းနေရမည်။

စိန်၊ စောင်၊ ဆံစု၊ ရွှေ ထွက်မည်။ စိန်၊ စောင်၊ ရွှေရင်ထိုး ထွက်ပြီး ပြန်ဝင်မည်။ လာဘ်ကြောင့်ဆိုသော် စောထွေကိန်း ကျနေသဖြင့် ထွက်ပြီးသည့်ပြန်ရွေးရမည့် အခြေအနေ ဖြစ်သောကြောင့်ပင်။

♦ တနင်္လာသားဆိုလျှင်

ငွေကုန်ကြေးကျများနေသည့်အချိန်ဖြစ်မည်။ မြေ၊ မြင်း၊ မိန်းမ၊ ခြေနှစ်ချောင်းအမှုဖြစ်မည်။ ဝမ်းဗိုက်အနာဖြစ်မည်။ ခြေ ထောက်၊ ခြေချောင်း၊ အနာဖြစ်မည်။ မြေကိုင်နာရမည်။ ငွေက ရကုန်ဖြစ်နေမည်။ အိမ်၌ ဗုဒ္ဓဟူးသားရှိလျှင် တကျက်ကျက်ဖြစ်နေမည်။ သို့မဟုတ် အကြီးအကဲ အုပ်ထိန်းသူနှင့် မသင့်မမြတ် ဖြစ်နေမည်။ အိမ်ယာ၊ ဥယျာဉ်ထွက်မည်။ အလုပ်အကိုင်မကောင်း အလုပ်ပြုတ်နိုင်မည်။





♦ အင်္ဂါသားဆိုလျှင်

မိန်းမနိုင်သူ၊ မိန်းမဩဇာလွှမ်းမိုးခံရသူဖြစ်မည်။ မိန်းမ မစခံရမည်။ အိုးအိမ်လယ်ယာဥယျာဉ်ထွက်မည်။ ခရီးယာယီ သွားကိန်းရှိသည်။ ဗုဒ္ဓဟူးနံ၊ ဗုဒ္ဓဟူးသားသမီး အကျိုးမပေး။ အိမ်ထောင်ဘက်၌ လှေ၊ လှည်း ရှိမည်။ ရှိလျှင် မကောင်း။ နေရာ ရွှေ့ထားပါ။ အရောင်းအဝယ် အလုပ်အကိုင် မကောင်း ဖြစ်နေမည်။ အစေခံကျွန် ဝင်လျှင်ကောင်းမည်။

♦ ဗုဒ္ဓဟူးသားဆိုလျှင်

အိမ်မကပ်ချင်စိတ် ပေါက်နေမည်။ မင်းပစ်မင်းဒဏ် မကင်း ဖြစ်နေမည်။ အိမ်ခြေယာခြေ အတည်မဖြစ်။ အဖနှင့် တူသူများနှင့် မသင့်မတင့်ရှိမည်။ အရိုး၌ အနာရမည်။ ငွေရ ခက်ခဲမည်။ ငွေရကုန်ဖြစ်မည်။

♦ ကြာသပတေးသားဆိုလျှင်

ငွေကြေးအခက်အခဲ တွေ့နေမည်။ မြေမှု၊ ခြေနှစ် ချောင်းမှု ဖြစ်မည်။ ငွေလှူလိမ်ခံရမည်။ စနေနံ ထီး၊ ဖိနပ်၊ နားတောင်း ဝင်မည်။ ဝင်လျှင် လက်မခံသင့်။ စနေသား၊သမီး မိန်းမဝင်လာလျှင် အလုပ်အကိုင် ပျက်စီးမည်။

www.burmeseclassic.com



♦ **သောကြာသားဆိုလျှင်**

မြောက်အရပ်မှ စုတ်ဝင်မည်။ ဝင်လာလျှင် လက်ခံပါ။ ကောင်းသည်။ အင်္ဂါနံ၊ စိန်၊ စောင်၊ ဆံစု ဝင်လာမည်။ ကျေး ကျွန် ဝင်လာမည်။ အဝင်ကောင်းများဖြစ်သည်။ သို့သော် ရွှေ၊ လှေ၊ လှည်း၊ လူ ထွက်နိုင်သည်။ သားသမီးများနှင့် မသင့်မတင့် ဖြစ်နေမည်။

♦ **စနေသားဆိုလျှင်**


အိမ်က မိန်းမစိတ်ပျက်ပြီး ထွက်သွားလိမ့်မည်။ သို့သော် စောထွေကိန်းကျနေသဖြင့် ပြန်လာမည်။ စကားအပြောအဆို ဆင်ခြင်ပါ။ ငွေကြေးရကုန်ဖြစ်နေမည်။ ရေကြောင်းခရီးမှ အရောင်းအဝယ်ပြုလျှင် အကျိုးရှိမည်။သို့သော် လှေနှင့်ခရီး မသွားသင့်။ လှေနစ်တတ်သည်။ ရှောင်ပါ။





## ၄။ တနင်္ဂနွေ 'သောရီ'အချိန်

တနင်္ဂနွေမွန်းလွဲ ၁ နာရီဆိုလျှင် 'သောရီ'အခါကျသည့်အတွက် သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော' ဟူ၍ ထက်အောက်တိုင်ထူပါ။






www.burmeseclassic.com

www.burmeseclassic.com



### ♦ တနင်္ဂနွေသားဆိုလျှင်

လက်ရှိ အခက်အခဲရှိနေသော်လည်း အောင်မြင်မည်။ ရွှေ၊ ငွေ၊ လှည်း၊ လှူဝင်မည်။ ဝင်လျှင်စကားအနည်းငယ် ပြောရမည်။ (သို့မဟုတ်) အကြီးအကဲတို့နှင့် အချင်းများ၍ အိမ်မှခေတ္တဆင်းရ မည်။ အဖ၊ အကြီးအကဲ ခဏ အိမ်မှ ထွက်ကိန်းရှိသည်။ သို့သော် ပြန်ဝင်မည်။ အောင်ပဆိုသည့် ကြာသပတေးမိတ်ဖြစ်နေသော ကြောင့်ပင်)ခြေနှစ်ချောင်း အတွက် ငွေကြေးအတွက် သောကရှိ မည်။

### ♦ တနင်္လာသားဆိုလျှင်

ခြေနှစ်ချောင်းအတွက် ငွေကြေးအတွက် သောကဖြစ်နေမည်။ ဆုံးပါးမှုများ ရှိသည်။ မိန်းမနှင့် မသင့်မတင့်ဖြစ်နေမည်။ မိန်းမအနိုင်ကျင့်ခြင်းခံရမည်။ ကျေးကျွန် အောက်လက်ငယ်သား တော်လှန်ခြင်းခံရမည်။ ကျွဲ၊ နွား၊ ကျွန် ဆုံးရှုံးမည်။ စနေနံ၊ အင်္ဂါနံ၊ စနေသားသမီး၊ အင်္ဂါသားသမီး အကျိုးမပေး။ အိမ်အနီး ငွေ၊ လှည်း၊ တစ်ခုခုရှိမည်။ သို့မဟုတ် ဗုဒ္ဓဟူးနံရှိမည်။ ရွှေပြောင်းထားလိုက်ပါ။





### ♦ အင်္ဂါသားဆိုလျှင်

ယခုအချိန်က မကောင်းသောအချိန်ဖြစ်သည်။ ငွေအတွက် မယားအတွက် သောကဖြစ်နေမည်။ သူတစ်ပါး အနိုင်အစေကို ခံရမည်။ စနေနံ၊ အင်္ဂါနံနှင့် ပတ်သက်၍ အမှုအခင်းဖြစ်မည်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်မည်။ အလုပ်အကိုင်ပျက်မည်။ လက်အောက်ငယ်သား တော်လှန်ခြင်းခံရမည်။

### ♦ ဗုဒ္ဓဟူးသားဆိုလျှင်

တောင်အရပ်က ငွေ၊ လှည်း၊ လူ၊ မြေ၊ မြင်း၊ ဥယျာဉ် လယ်ယာ ဝင်ကိန်းရှိသည်။ မိတ်ကောင်းဆွေကောင်းရပြီ ပညာရမည်။ သို့သော်၊ ကြီးကဲသူတို့နှင့် မသင့်မတင့်ဖြစ်မည်။ မင်း စိုးရာဇာတို့နှင့် စိတ်သဘောကွဲမည်။ စကားများရမည်။ ကိုယ်က နိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



### ♦ ကြာသပတေးသားဆိုလျှင်

ရွှေ၊ လှေ၊ လှည်း၊ တစ်ခုခု ဝင်မည်။ မြေ၊ မြင်း၊ လယ်ယာ၊ ဥယျာဉ်ဝင်မည်။ အောက်လက်ငယ်သားတို့နှင့် မသင့်မတင့် ဖြစ်မည်။ အကြောနှင့် ပတ်သက်၍ ရောဂါရမည်။ အကြောမလွှတ်သော အနာပေါက်မည်။ ခြေနှစ်ချောင်းထွက်မည်။ သို့မဟုတ် တနင်္လာနံ ပစ္စည်းဆုံးပါးမည်။ ထီး၊ ဖိနပ်၊ စောင်၊ ဆံစု၊ နားတောင်း၊ ကျောက်ကြိုးတစ်ခုခု ပျောက်မည်။ ပျက်စီးမည်။

### ♦ သောကြာသားဆိုလျှင်

ငွေကြေးအတွက် သောကဖြစ်နေမည်။ ဆုံးပါးမည်။ သို့မဟုတ် ခြေနှစ်ချောင်းအတွက် သောကဖြစ်နေမည်။ အမိအတွက်လည်း သောကဖြစ်နေမည်။ စိတ်ညစ်စရာ စိတ်သောကဖြစ်နေ ချိန်ပင်။ အိမ်မြောက်ဘက်မှ ဆရာသမား သို့မဟုတ် မိတ်ဆွေ၏ အကြံဉာဏ်ဖြင့် သက်သာမှုရနိုင်သည်။





### ♦ စနေသားဆိုလျှင်

မိတ်ဆွေဆရာသမားတို့မှ အထင်လွဲနေချိန်ဖြစ်သည်။ အလုပ်အကိုင် အကြံအစည်တလွဲတချော်ဖြစ်နေမည်။ စုတ်ကောင်းလာဘ်ကောင်း ဝင်ခြင်းမရှိ။ တစ်ခါတစ်ရံ မဟုတ်တာယုတ် လုပ်ချင်စိတ် ပေါက်တတ်သည်။ သတိထားရမည့်အချိန်ဖြစ်၏။ အခိုက်အတန့်ဖြစ်သဖြင့် စိတ်ကို ထိန်းမရမည့်အချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈။ တနင်္ဂနွေသား 'ဂုရု'အချိန်

တနင်္ဂနွေနေ့လယ် ၂ နာရီအချိန်ဆိုလျှင် 'ဂုရု' အခါဖြစ်သည့် အတွက် ဂုရု၊ ဘောမ၊ သူရဇ္ဇ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရိ' ဟူ၍ အထက်အောက် တိုင်ထူရသည်။

| | | |
|---|---|---|
| | ၂ | |
| | ၆ | |
| | ၃ | |
| x | ၅ | x |
| | ၁ | |
| | ၄ | |
| | ၀ | |





### ♦ တနင်္ဂနွေသားဆိုလျှင်

ဒီအချိန်က ကမ်းမမြင် လမ်းမမြင် အကြံအိုက်ချိန်လို့ ဆိုရမည်။ ကိုယ်တိုင်အားကိုးရာ မမြင်ဘဲ ကိုယ့်အားမှီခိုနေသူ များနေမည်။ အိမ်ခြေအတည်မရှိ ဖြစ်မည်။ အိမ်ယာ မြေယာ ဆုံးမည်။ မီးလောင်ခံရတတ်သည်။ အဖနှင့်တူသူအတွက် အပူရှိမည်။ -

တနင်္လာနံအတွက် သောကဖြစ်မည်။ မယားအတွက် သောကဖြစ်မည်။

### ♦ တနင်္လာသားဆိုလျှင်

ငွေရမည်။ အပူနှင့်ရသည့်ငွေဖြစ်မည်။ အိမ်နောက် ငါးအိမ်ခြားတွင် ဆရာသမားပညာရှိ ရှိမည်။ ဆရာနှင့် စိတ်သဘောထား ကွဲနေမည်။ ထီး၊ ဖိနပ်၊ ဓား၊ နားတောင်း၊ ရွှေထွက်မည်။ ပျောက်မည်။ တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံနှင့် ပတ်သက်၍ ဆုံးပါးမည်။



www.burmeseclassic.com

www.burmeseclassic.com



◆ **အင်္ဂါသားဆိုလျှင်**

မယားအတွက် သောကရှိမည်။ အလုပ်အကိုင် အရောင်းအဝယ် ပျက်စီးမည်။ အဖအတွက် အဖနှင့်တူသူ အတွက် အပူရှိသည်။ မြေ၊ မြင်း၊ မြ တစ်ခုခု ဝင်မည်။ သို့မဟုတ် ထွက်မည်။ အိမ်ခြေယာခြေ အတည်မရှိဖြစ်မည်။ သားသမီးတို့နှင့် မသင့်မတင့် ရှိမည်။ အခြွေအရံကင်းမည်။

◆ **ဗုဒ္ဓဟူးသားဆိုလျှင်**

အိမ်မှာတောင် မနေနိုင်သည့်အခါဟု ဆိုရမည်။ အဖ သို့မဟုတ် ကြီးကဲသူနှင့် မသင့်မတင့် ဖြစ်နေမည်။ ရွှေထွက် မည်။ ထီး၊ ဖိနပ်၊ နားတောင်း တစ်ခုခုထွက်မည်။ အရောင်း အဝယ်ပျက်မည်။ အိမ်အနောက်ဘက် ငါးအိမ်ကြားမှ ဆရာ သမားမှ မိမိကို အယုံအကြည်မဲ့ဖြစ်နေမည်။ အိမ်တောင်ဘက် တွင် လှေ၊ လှည်း၊ ဗုဒ္ဓဟူးနံ့ရှိမည်။ နေရာရွှေ့ထားပါ။

◆ **ကြာသပတေးသားဆိုလျှင်**

ယခုအခါ အစစအရာရာ လွဲချော်နေချိန်ဖြစ်သည်။ တည်တံ့ အောင် မနည်းထိန်းနေရသည့်အခါလည်း ဖြစ်သည်။





ငွေရလျှင် လည်း အေးအေးလူလူ မရ။ သောကနှင့်ယှဉ်၍ ရမည်။ အင်္ဂါ နံ့ ကုန်ပစ္စည်း ရောင်းလျှင်တော်သည်။ ထီး၊ ဖိနပ်၊ ရွှေ၊ လှေ၊ လှည်း၊ လူ တစ်ခုခုထွက်မည်။

◆ **သောကြာသားဆိုလျှင်**

ခြေနှစ်ချောင်းဝင်ကိန်းရှိသည်။ ဝင်လျှင်လက်ခံရန် မသင့်။ ခြေနှစ်ချောင်းဝင်ခြင်းသည် သောကနှင့်ယှဉ်၍ ဝင်ခြင်းဖြစ်သည်ကို သတိချပ်ပါ။ မြေ၊ မြင်း၊ ဥယျာဉ်လယ် ယာ ဝင်ကိန်းရှိသလို ထွက်ကိန်းလည်း ရှိသည်။ အဖ သို့မဟုတ် အဖနှင့်တူသူအတွက် သောကရှိမည်။ ထီးဖိနပ်၊ နားတောင်း၊ တစ်ခုခု ပျောက်ဆုံးမည်။

အိမ်မီးလောင်ကိန်းရှိသည်။ အိုးအိမ်အတည်တကျ မရှိသည့် ကာလလည်းဖြစ်သည်။

◆ **စနေသားဆိုလျှင်**

အောက်လက်ငယ်သားတို့၏ တော်လှန်ခြင်းကို ခံရ မည်။ ကျေးကျွန်တို့အတွက် အပူရှိသည်။ မိဘကျေးဇူး ခံစား ခွင့်မရှိ။ သားသမီးမရနိုင်။ အခြွေအရံမဲ့ဘဝ၊ အစေအပါးလို



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြစ်မည်။ ယခုအခါ မိတ်ဆွေအပေါင်းအသင်းတို့ကလည်း မိမိအား မထေမဲ့ မြင်ပြုခြင်းခံရမည်။

နောက်ဆုံးအားကိုးမမြင်၍ အစေအပါးလိုနေရသည့် ဘဝမျိုး ဖြစ်နေမည်။

❄❄❄





## ဆ။ တနင်္ဂနွေ ဘောမ သားတို့အတွက်

တနင်္ဂနွေနေ့ ညနေ (၄)နာရီအချိန်ဆိုလျှင် 'ဘောမ' အချိန်အခါဖြစ်သည့်အတွက် 'ဘောမ'ကစ၍ 'သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု'ဆိုပြီး အထက်အောက်တိုင်ထူရမည်။

တိုင်ထူပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| | ၀ | |
| | ၄ | |
| | ၁ | |
| x | ၃ | x |
| | ၆ | |
| | ၂ | |
| | ၅ | |



www.burmeseclassic.com

www.burmeseclassic.com



◆ <u>တနင်္ဂနွေသားဆိုလျှင်</u>

စနေသားသမီးများ၏ မစခြင်းကို ခံရမည်။ စနေနံနှင့် ပတ်သက်၍ အကျိုးခံစားရမည်။ အထူးသဖြင့် လူမျိုးခြား မစ မည်။ အခြေနှစ်ချောင်းနှင့် ဥယျာဉ်လယ်ယာထွက်မည်။ ငွေကုန် ကြေးကျအများဆုံးကာလဖြစ်သည်။ မိန်းမမှု၊ မြေမှု၊ ခြေနှစ်ချောင်း မှု ဖြစ်မည်။ သို့သော် အမှုဖြစ်လျှင် မိမိသာ အနိုင်ရမည်။

အိုးသစ်၊ အိမ်သစ်ရမည်။ မယားအတွက် သောကဝေရ မည်။ စောင်၊ စိန်၊ ဆံစု ဝင်မည်။ ထွက်မည်။ လက်ကောက် နာရီ ထွက်မည်။ သို့မဟုတ် ပျက်မည်။

◆ <u>တနင်္လာသားဆိုလျှင်</u>

မိန်းမအတွက် ငွေအတွက် အခြေနှစ်ချောင်းအတွက် အမှုအခင်းရှိသည်။ သောကဝေသည့်ကာလဖြစ်သည်။ သားမယား ဩဇာပေးခြင်း၊ အနိုင်အထက်ပြုခြင်း ခံရမည်။ ကြာသပတေးနံ ကုန်ပစ္စည်းအတွက် စကားများရမည်။ ယခု အခါက သတိထားရမည့်အခါ ဖြစ်သည်။ အကောင်းမမြင်ဘဲ အညံ့၏ စိုးမိုးမှု ခံနေရမည်။





◆ <u>အင်္ဂါသားဆိုလျှင်</u>

ယခုအခါကာလကား အခိုက်အတန့် မကောင်းသော ကာလ ဖြစ်သည်။ မယားအတွက် ငွေကြေးအတွက် စိတ် မအေးဖြစ်နေမည်။ အိမ်ထောင်ဖက်တွင် လေ့၊ လှည်း၊ ဗုဒ္ဓဟူး နံရှိနေလျှင် ခေတ္တနေရာပြောင်းထားပါ။ အဖ သို့မဟုတ် နားတောင်း ဝင်လျှင် ကောင်းသည်။

◆ <u>ဗုဒ္ဓဟူးသားဆိုလျှင်</u>

လူမျိုးကွဲ မစမှုခံရမည်။ စနေနံ ကုန်ပစ္စည်းနှင့် ပတ်သက်၍ အကျိုးကျေးဇူးခံစားရမည်။ ယခုကာလအတွင်း အိမ်ဝယ်ခြင်း မပြုနှင့်။ ဆိုင်းထားပါ။ (အင်းဝဆိုသည့် ရန် ဂြိုဟ်ဖြစ်နေသဖြင့် မကောင်းပါ။ ရန်ရှိသည်။) ငွေကြေး ဆုံးရှုံးမှုရှိသည်။ မြင်း၊ မြေ၊ ဥယျာဉ်တို့အတွက် စကားများ မည်။ အမှုအခင်း ဖြစ်နိုင်သည်။

◆ <u>ကြာသပတေးသားဆိုလျှင်</u>

ယခုအခါတွင် မင်းကတော်၊ စိုးကတော်များအား သတိထားပါ။ သူတို့၏ ရန်ပြုခြင်းကို ခံရမည်။ ခိုကိုးရာမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝမျိုးဖြစ်နေသည်။ သားမယားအတွက် သောကဝေရမည်။ ငွေရှာရခက်နေမည်။ ကိုယ့်ဒူးကိုယ်ချွန်ဘဝဖြစ်မည်။ သောကဝေသည့် ကာလ ဖြစ်မည်။

♦ <u>သောကြာသားဆိုလျှင်</u>

ကိုယ့်တပည့်များ၊ လက်အောက်ငယ်သားများ၏ တော်လှန်ခြင်းကို ခံရမည်။ ဩဇာမတည်သော ကာလဖြစ်သည်။ မယားအတွက် ငွေကြေးအတွက် သောက ဝေနေရမည်။ မြေ၊ မြင်း၊ ခြေနှစ်ချောင်းအမှုဖြစ်မည်။ အခိုက်အတန့်အားဖြင့် လက်ထဲ ငွေ ပြတ်နေသောကာလဖြစ်သည်။

<u>စနေသားဆိုလျှင်</u>

လက်ခမောင်းခတ်ရတော့မည့် ကာလဖြစ်သည်။ မကြာမီ ကောင်းလာတော့မည်။ အိုးသစ်၊ အိမ်သစ်ရမည်။ အခြွေအရံ ကျေးကျွန်ရမည်။ ရွှေမျက်မှန်ရမည်။ သို့သော် ထွက်မည်။

ရွှေထီး၊ ရွှေကြယ်သီး၊ စိန်ကြယ်သီးဝင်မည်။ ထွက်မည်။





ဤကား အခါရှစ်ပိုင်း တိုင်ထူပုံထူနည်းနှင့် အဟောများ ဖြစ်သည်။ ကျန်သော အခါတိုင်ထူနည်းများမှာ နာရီက ဤအတိုင်း ပင်ဖြစ်သည်ကို သတိချပ်ရမည်။

တိုင်ကိုသူနေ့အလိုက် ပြောင်းထူရမည့်ဖြစ်၏။ အဟောကမူ ယခုအခါတိုင် ရှစ်ပါးဟောနည်းအတိုင်း ဖြစ်သည်။ 'မင်းစည်းစိမ်ခံစားရမည်' ဟုပါ ဟောသည်။ ဤသို့ ဟောလျှင် လူရယ် စရာဖြစ်မည်ကို သတိချပ်ပါ။

ဗေဒင်က မေးသူ၏ဆန္ဒနှင့်သဘောကို သိဖို့လိုသည်။ ဟောသည့်အခါတွင် လိမ္မာပါးနပ်ဖို့နှင့် အပိုအလိုမပါ လိုရာကို အဓိက ထားဟောတတ်ဖို့လိုသည်။

အထက်သုံးလုံး အကောင်း

အောက်သုံးလုံး အညံ့..

အခိုက်အတန့်အဖြစ်အပျက်ကို အဓိကထား ဟောဖို့လိုပါသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၊ နှစ် ၊

# အသုံးချ
# ဓာတ်ရိုက်ဓာတ်ဆင်
# ယတြာ

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ဓာတ်ရိုက်ဓာတ်ဆင်သူများ သတိထားရမည့်အချက်များ

### (က) တြိရန်း၊ စတုရန်းဆောင်ပါ

အင်္ဂလိဗ္ဗာနှင့်ပတ်သက်၍ ကျွမ်းကျင်သူဆရာကြီးတစ်ဦးက 'အင်္ဂလိဗ္ဗာနှင့်ပတ်သက်လို့ ဓာတ်ရိုက်ဓာတ်ဆင်လုပ်တဲ့အခါမှာ တြိရန်းနဲ့စတုရန်းကို ဆောင်တတ်ဖို့ အများကြီးလိုတယ်'ဟု ပြောဖူးသည်။

'ဓာတ်ရိုက် ဓာတ်ဆင်ရာမှာ တြိရန်း၊ စတုရန်းဟာ အရေးကြီးတယ်'ဟု ထပ်ပြောသည်။

တြိရန်း၊ စတုရန်းနှင့် ပတ်သက်၍ အချို့က ကွဲကွဲပြား



www.burmeseclassic.com

www.burmeseclassic.com



ပြား မသိ။ 'ခတ်ရိုက်ခတ်ဆင်ဆိုရင် တိုရန်း၊ စတုရန်းနဲ့ ပတ်သက်လို့ ရှင်းအောင်ရေးပြပါ'လို့ မှာဖူးသည်။

ထို့ကြောင့် သတိထားရသည်

စင်စစ်၊ တိုရန်း ဟူသည့် မိမိမွေးနေ့မှစ၍ ရေတွက်သော် '၃'ခုမြောက်သောနံကို 'တိုရန်း'ဟုခေါ်သည်။

ဥပမာ-တနင်္ဂနွေသားဆိုလျှင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စသည်ဖြင့် ရေတွက်လိုက်သော် အင်္ဂါသည် တနင်္ဂနွေ၏ (၃) ခုမြောက်ဖြစ်၍ 'တိုရန်း'ဟု မှတ်သားထားရမည်။

'စတုရန်း'ဆိုသည်က မိမိ၏ မွေးနေ့မှ '၄'ခုမြောက်သော် နံကို 'စတုရန်း'ဟုခေါ်သည်။

ဥပမာ-တနင်္လာသားဖြစ်သော တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးစသည့်ဖြင့် ရေတွက်သော် ကြာသပတေးသည် တနင်္လာ၏ (၄)ခုမြောက်နေ့ဖြစ်သဖြင့် စတုရန်းဟုခေါ်သည်။

မှတ်ချက်

♦ တနင်္ဂနွေ၏ တိုရန်းက အင်္ဂါ

တနင်္ဂနွေ၏ စတုရန်းက ဗုဒ္ဓဟူး





♦ တနင်္လာ၏ တိုရန်းက ဗုဒ္ဓဟူး

တနင်္လာ၏ စတုရန်းက ကြာသပတေး

♦ အင်္ဂါ၏ တိုရန်းက ကြာသပတေး

အင်္ဂါ၏ စတုရန်းက သောကြာ

♦ ဗုဒ္ဓဟူး၏ တိုရန်းက သောကြာ

ဗုဒ္ဓဟူး၏ စတုရန်းက စနေ

♦ ကြာသပတေး၏ တိုရန်းက စနေ

ကြာသပတေး၏ စတုရန်းက တနင်္ဂနွေ

♦ သောကြာ၏ တိုရန်းက တနင်္ဂနွေ

သောကြာ၏ စတုရန်းက တနင်္လာ

♦ စနေ၏ တိုရန်းက တနင်္လာ

စနေ၏ စတုရန်းက အင်္ဂါ

♦ တိုရန်း၊ စတုရန်းကို နင်းကြမ်းပြု၍ ရှောင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆောင်ပုဒ်'

'ဦးစံဝ၊ ချစ်လှမှုံ၊ နံမည်သူ၊ ပြန်တိုင်းအောင်၊ အောင်ဦးက၊ ထွန်းကြစို့'

### (ခ) ပဋ္ဌပွတ်နှင့် ဆပွတ် 'ရှောင်'

ပဋ္ဌပွတ်ဟူသည် မိမိ၏ မွေးနေ့မှ စ၍ ရေတွက်သော် (၅)ခုမြောက်နံသည် ပဋ္ဌပွတ်ဖြစ်၏။

အင်္ဂါသားဖြစ်လျှင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေစ၍ ရေတွက်သော်၊ အင်္ဂါ၏ (၅)ခုမြောက်သည့် စနေဖြစ်၍ ပဋ္ဌပွတ်ဟု မှတ်ပါ။

ထို့အတူ မိမိ၏ မွေးနံမှစ၍ ရေတွက်သော် (၆)ခုမြောက်သည့် ဆပွတ်ဖြစ်၏။ နံသား ဗုဒ္ဓဟူးဖြစ်၍ ဗုဒ္ဓဟူးမှစ၍ ရေတွက်သော် (၆)ခုမြောက်သည့် ဆပွတ် ဖြစ်၍ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာဟု တွက်သော တနင်္လာ သည် (၆)ခုမြောက်ဖြစ်၍ ဆပွတ်ဖြစ်သည်။





'မှတ်ချက်'

♦ တနင်္ဂနွေ၏ ပဋ္ဌပွတ်က ကြာသပတေး

တနင်္ဂနွေ၏ ဆပွတ်က သောကြာ

♦ တနင်္လာ၏ ပဋ္ဌပွတ်က သောကြာ

တနင်္လာ၏ ဆပွတ်က စနေ

♦ အင်္ဂါ၏ ပဋ္ဌပွတ်က စနေ

အင်္ဂါ၏ ဆပွတ်က တနင်္ဂနွေ

(အစဉ်အတိုင်း ဆက်မှတ်ပါ)

'ဆောင်ပုဒ်'

ဘိုးကောင်သူ၊ ချစ်သူတန်၊ ခံထွန်းဦး၊ လူးအုံကြံ၊ ပြန်ချင်ခွ၊ သူဇာလာ၊ ထွားလှမွတ်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



(ဂ) အမြစ်၊ အညွန့်၊ မတွန့်စေရာ

အမြစ်နံ့ဟူသည် မိမိမွေးနံ၏ နောက်မှ နံအားခေါ်သည်။ အညွန့်နံ့ဟူသည် မိမိမွေးနံ၏ ရှေ့မှနံအားခေါ်သည်။

ဥပမာ- မွေးနံ့တနင်္ဂနွေဖြစ်လျှင်

စနေသည် အမြစ်နံ

တနင်္လာသည် အညွန့်နံ့...

'ဆောင်ပုဒ်'

'အောင်ထွန်းကျော်၊ ကျော်အောင်ခံ၊ စံကျင်ရွှေ၊ ရွှေစုံမြတ်၊ မြတ်လှသူ၊ သူမြတ်ထွန်း၊ ထွန်းသာအောင်'

ဥပမာ-

'အောင်ထွန်းကျော်'

အောင် တနင်္ဂနွေ၏အမြစ်နံက ထွန်း စနေ၊

အညွန့်နံ ကျော် တနင်္လာ

'ကျော်အောင်စံ'

ကျော် တနင်္လာ၏အမြစ်နံ၊ အောင် တနင်္ဂနွေ၊

အညွန့်နံ စံ၊ အင်္ဂါ

❖❖❖





## ၂။ ဓာတ်ရိုက်ဓာတ်ဆင်ရာတွင် ရှောင်ရမည့်နေ့များ၊ (အစဉ်အကြွယ်ယူရန်ဇယား)

| | | | | | | | |
|---|---|---|---|---|---|---|---|
| နေ့စဉ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| တြိရန်း | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| စတုရန်း | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ပဥ္စပွတ် | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ဆပွတ် | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| အမြစ် | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| အညွန့် | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |



www.burmeseclassic.com

www.burmeseclassic.com



## (က) ဓာတ်ရိုက်ဓာတ်ဆင်ရာတွင် ရှောင်ရမည့်နေ့များ

- ♦ 'ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ၊' ဟူသည့်မိတ်ရန်အား လည်းကောင်း
- ♦ 'ဦးဝေ၊ စံကူး၊ ရေဗူး၊ တောသူ' ဟူသည့် မိတ်ရန်အား လည်းကောင်း
- ♦ 'ဓမ္မာသောတ၊ အင်းဝ၊ ရာဇာ' ဟူသည့် အိမ်ထောင်ရန် အားလည်းကောင်း၊

ဓာတ်ရိုက်ဓာတ်ဆင်ရာ၌ 'ဦးညို'ဟု အစဉ်အတိုင်း မပြုလုပ်အပ်။ မပြုလုပ်ကောင်း။

## (ခ)ရှောင်ကြဉ်ရန် နည်းလမ်းများ

'ဦးညို'ဟူသည့် ရန်အရ တနင်္ဂနွေကို ရှေ့ထားလျက် အင်္ဂါနောက် ပြုကာ ဓာတ်မဆင်စကောင်း။

'ခေမာ'ဟူသည့် မိတ်ရန်အရ တနင်္လာရှေ့ထား၍ ကြာသပတေးနောက်ပြု၍ ဓာတ်မဆင်ကောင်းဟု မှတ်ထားရမည်။

ဥပမာ-ဦးညိုဟူ၍ ရန်ဓာတ်မပျက် ရှိနေသော်၊ ၄င်းဓာတ်ကိုပင် မိတ်ပျက်ကရန်၊ ရန်ပျက်က မိတ် ဟုဆို





သဖြင့် ညိုဦးဟု လွဲပြီး အင်္ဂါအစထားပြီး တနင်္ဂနွေနောက်မှ ထား၍ စီရင်နိုင်သည်။

'ကြွင်းသော ရန်ဓာတ်တွေ့လျှင် အထက်ပါအတိုင်း စီရင်ပါ'

ဥပမာ-

'ခေမာ'ဟူသည် ရန်ဓာတ်အရ ပျောက်သောပစ္စည်းက တနင်္လာနံ ကျောက်ရတနာဖြစ်ပြီး ပျောက်သောသူ၏နေ့က ကြာသပတေး' ဖြစ်နေလျှင်၊ 'ခေမာ'ဟူ၍ မိတ်ရန်ကျနေသဖြင့် 'ကင်ပွန်း'ဟူ သည့်အတိုင်း အခက်ကို အစဉ်အတိုင်း မယူဘဲ မာခေ'ဟု ကက်ကင်းလှည့်ပြီး ပွဲကြမ်းဟု ယူရမည်။

သို့သော် ယင်းသို့ ပြုရသည်မှာ ဓာတ်ရန်ကျမှ ကက်ကင်းလှည့်စ၍ ပြု၍ရသည်။ ရန်ဓာတ်မကျဘဲ၊ 'ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ကိုရှာ'ဟူ၍လည်းကောင်း 'အောင်ပကုလား' ဟူ၍ လည်းကောင်း၊ 'အန္တော၊ ဂမ္ဘော'စသည့်ဖြင့်လည်းကောင်း မိတ်ဖက်ဓာတ်ဖက်နံ တွဲလျက်တွေ့မှု ထက်က ရန်ဓာတ်တွေ့၍ ယူသလို မယူရ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မရှောင်ကြဉ်ဘဲ ယူခဲ့သော် မိတ်ပျက်ကရန် ဟူသည့်စကားအရ 'ရန်ဓာတ်' သက်ဝင်သွားပြီး အကျိုးမပြု သည်ကို အဓိက မှတ်သားသင့်သည်။

'ပဥ္စပွတ်နှင့် ဆပွတ်ကိုရှောင်' ဟု ရေးခဲ့သည်မှန်သော် လည်း နေရာနှင့် လိုက်အောင် ရှောင်ဖို့လိုသည်။ အချင်းခပ် သိမ်းရှောင်ရမည်ဟု မမှတ်အပ်ပေ။ အဘယ်ကြောင့်ဆိုသော် သူနိုင်လိုသည်ဟူသည့် စကားထောက်၍

'အရပ်တစ်ပါးကလူအား လာစေခြင်း'

'ရောင်းကုန်အမျိုးမျိုး ထွက်စေခြင်း'

စသည့် ကိစ္စများပြုရာ၌ ဆပွတ်သားသမီးကို မှီ၍ လုပ်ရသဖြင့် အထူးသတိချပ်ရမည်ဖြစ်သည်။





## ၃။ ဓာတ်ဆင်ရာတွင် လိုအပ်သည့် အချိန်အခါ

ဓာတ်ရိုက်ဓာတ်ဆင် ယတြာအစီအရင်ပြုလုပ်ရာတွင် လျှင်မြန်ထက်မြက်စူးရှအလိုအမြန်ပြည့်ဝစေရန်အတွက် အခါ ခပ်သိမ်း စီးသည့်အချိန်အခါများရှိသည်ကို ဝေဒပညာရှင်များ ၏ ဆိုမိန့်ချက်များ ရှိခဲ့သည်။

ဝေဒမှတ်တမ်းများ၌ ဓာတ်ဆင်ရာ၌ ထက်မြက်စူးရှမှုရှိ စေရန် အချိန်အခါများအား ပြဆိုထားသည်ကို တွေ့ရ၏။

ယင်းတို့ကား

၁။ 'ရှင်မြဲစေသော အမှုကိစ္စ'

ထိုကိစ္စပြုလုပ်ရာတွင် 'ဂဠေ'ဓာတ်ပေါ်သည့်အချိန် တွင် စီရင်ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ 'အေးစေလိုသည့် အမှုကိစ္စ'

ထိုကိစ္စပြုလုပ်ရာတွင် ဝံသေ၊ ဇာတ်ပေါ်သည့်အချိန်တွင် စီရင်ပြုလုပ်ရာသည်။

၃။ 'တန်ခိုးအာဏာအဖြာဖြာတိုးတက်ရန်ကိစ္စ'

ထိုကိစ္စပြုလုပ်ရာတွင် 'အင်္ဂဇ္ဈော' ဇာတ်ပေါ်သည့်အချိန်တွင် စီရင်ပြုလုပ်ရာသည်။

၄။ 'လျှင်မြန်လိုမှု အစောတလျှင် အရေးကြီးသော အမှုကိစ္စ'

ထိုကိစ္စပြုလုပ်ရာတွင် 'စရေ' ဇာတ်ပေါ်သည့် အချိန်တွင် စီရင်ပြုလုပ်သည်။

**မှတ်ချက်။ ။**

**ပထဝီနှင့် အာပေါဇာတ် နှစ်ခုတွဲ၍သော်လည်းကောင်း၊ တေဇောဇာတ်နှင့်၊ ဝါယောဇာတ် နှစ်ခွဲတွဲ၍သော်လည်းကောင်း ပြုလုပ်စီရင်ရာ၌ အတူတူပင်ဖြစ်သည်။**

**စာရေးသူ**

'စံလှစာပေ'



နေ့အားလျော်စွာ အထက်ဖော်ပြပါအချိန်တို့ ကုန်ဆုံးသွားသဖြင့် မရလိုက်၊ မမီလိုက်သည့် အခါတွင် ''ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ' ဟူသည် ဂြိုဟ်ဇာတ်ကိုကြည့်၍လည်း ပြုလုပ်စီရင်နိုင် သည်။

၁။ 'ဦးသာ' ဇာတ်ကို အသုံးပြုသဖြင့် 'ဝါယောဇာတ်' ပေါ်သော စရေအခါနှင့် အကျိုးပြီးချင်းအတူတူပင် မှတ်လေ။

၂။ 'စိန်ပန်း' ဇာတ်ကို အသုံးပြုသဖြင့် 'ပထဝီဇာတ်' ပေါ်သော 'ဂမ္ဘေ' အခါနှင့် အကျိုးပြီးစီးချင်းကိစ္စပင် အတူတူပင်မှတ်လေ။

၃။ 'ဒန်းလှ' ကို အသုံးပြုသဖြင့် 'အာပေါဇာတ်' ပေါ်သော 'ဝံသေ' အခါအခွင့် အကျိုးပြီးစီးချင်းကိစ္စအတူတူပင် မှတ်လေ။

၄။ 'ကိုရှာ' ဇာတ်ကို အသုံးပြုသဖြင့် 'တေဇော' ဇာတ်ပေါ်သော 'အင်္ဂဇ္ဈော' အခါပြီးစီးခြင်းကိစ္စ အတူတူပင်မှတ်လေ။

(အကျဉ်းမှတ်ရန်)

ဦးသာ - ဝါယော

စိန်ပန်း - ပထဝီ

ဒန်းလှ - အာပေါ

'စံလှစာပေ'

www.burmeseclassic.com

www.burmeseclassic.com



ကိုရှာ -ဗောဇော

အများအားဖြင့် ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စများပြုလုပ်ရာ၌ 'အမြန်လာစေမှု၊ အမြန်ရစေမှု၊ အမြန်ပြီးစေမှု' စသည်တို့ကို အဓိကထားပြသဖြင့် 'ဝါယောဓာတ်'ပေါ်သော၊ စရေ အခါကို အမြဲအသုံးပြုကြသည်။

ထိုဓာတ်တစ်ခုအမှီပြု၍ 'အန္တော' 'ဝံသေဓာတ်ကိုလည်း ယူဆရန် မခဲယဉ်းတော့ပြီ။

မှတ်ချက်။ ။ ဓာက်ရိုက်ဓာတ်ဆင် အစီအရင်တို့အား ပြုလုပ် စီရင်သည့်အခါ မိမိအလိုရှိသည့် နေ့၏ အချိန်အခါတို့အား သေချာစွာ စိစစ်ရန် မိမိရရ မှန်ကန်စွာ ပြုလုပ်ပါလျှင် မိမိ၏ ကံအလျှောက် ဇကန်ဖြစ်နိုင် ။ အထက်ပါ အတိုင်းအချိန်အခါကို မစိစစ်ဘဲ တော်သလို ပြုလုပ်၍ မဖြစ်သည်ကို သတိချပ်ရန် အထူးလိုအပ်သည်။

စာရေးသူ





## ၄။ နေ့အလိုက် ဓာတ်များတည်ရှိပုံ

ဝေဒပညာတွင် နေ့အလိုက် ဓာတ်များတည်ရှိနေသည်ဟု အဆိုရှိသည်။ ထို့ကြောင့် အင်္ဂဝိဇ္ဇာနှင့် ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်ရာတွင် အဓိက ကျသည်။ ဓာတ်များကို အခြေတည်၍ ပြုလုပ်ရသည်။

ဝေဒပညာ၏အဆိုအရ အောက်ပါအတိုင်း တွေ့ရမည်။

ယင်းတို့ကား--

(က) အန္တော၊ ဂန္ဓော၊ စရေ၊ ဝံသေ

၁။ တနင်္ဂနွေနေ့၌ အန္တောဓာတ်၊ ဂန္ဓောဓာတ်၊ စရေဓာတ်များ ဖြစ်တည်ပေါ်ပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ တနင်္ဂနွေနေ့၌၊ ဂဗ္ဘေဓာတ်၊ စရေဓာတ်များ ဖြစ်တည် ပေါ်ပေါက်၏။

၃။ အင်္ဂါနေ့၌ အန္တောဓာတ်၊ စရေဓာတ်များ ဖြစ်တည် ပေါ် ပေါက်၏။

၄။ ဗုဒ္ဓဟူးနေ့၌ အန္တောဓာတ်၊ ဂဗ္ဘေဓာတ်များ ဖြစ်တည် ပေါ်ပေါက်သည်။

၅။ ကြာသပတေးနေ့၌ ဂဗ္ဘေဓာတ်၊ စရေဓာတ်များ ဖြစ် တည်ပေါ်ပေါက်သည်။

၆။ သောကြာနေ့၌ အန္တောဓာတ်၊ ဂဗ္ဘေဓာတ်များ ဖြစ်တည် ပေါ်ပေါက်သည်။

၇။ စနေနေ့၌ ဂဗ္ဘေဓာတ်၊ စရေဓာတ်၊ ဝံသေဓာတ်များ ဖြစ်တည်ပေါ်ပေါက်သည်။

(အစဉ်အတိုင်း မှတ်သား၍ထားပါ။)





(ခ) ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ

၁။ တနင်္ဂနွေနေ့၌ 'ဦးသာဓာတ်'၊ 'စိန်ပန်းဓာတ်'

၂။ တနင်္လာနေ့၌ 'ဦးသာဓာတ်'

၃။ အင်္ဂါနေ့၌ 'ဦးသာဓာတ်'၊ 'ဒန်းလှဓာတ်'

၄။ ဗုဒ္ဓဟူးနေ့၌ 'ဦးသာဓာတ်'

၅။ ကြာသပတေးနေ့၌ 'ဦးသာဓာတ်'၊ 'ဒန်းလှဓာတ်'၊ 'ကိုရှာဓာတ်'။

၆။ သောကြာနေ့၌ 'ဦးသာဓာတ်'၊ 'စိန်ပန်းဓာတ်'

၇။ စနေနေ့၌ 'ဦးသာဓာတ်'၊ 'ဒန်းလှဓာတ်'၊ 'ကိုရှာဓာတ်'။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## ၅။ လာစေရန် ဓာတ်ဆင်ပုံ

တနင်္ဂနွေသား၊ သမီးတစ်ဦး အမြန်လာစေရန် ဓာတ်ဆင်လိုသော် ၄င်း တနင်္ဂနွေနံ၏ နံတူဖြစ်သည်။ 'အင်သား'၊ လက် (၆)သစ် သားဖြစ်၍ အဖျားချွန်ပြီး အသားပေါ်တွင် လူအမည် နှင့် လာစေ'ဟု ရေးရမည်။

ထိုအတူ 'ဆံကိုခို'ဟု ဆိုသဖြင့် သောကြာဆိုသော မြောက်အရပ်မှ သီးပင်အောက်တွင် သောကြာနံသံချောင်းနှင့် 'အမြန်လာစေ'ဟု နှုတ်ကဆို၍ 'စရေဓာတ်'ပေါ်သော 'ဝါယော'အချိန်တွင် မြေမြုပ်အောင် ရိုက်ရမည်။





မှတ်ချက်။ ။

အင်သားဆိုသည်မှာ တနင်္ဂနွေ နံတူဖြစ်သည်။ လက် (၆)သစ်ဟူသည် ၄င်းနံ၏ ဂြိုဟ်သက်ဖြစ်သည်။ အကယ်၍ အင်သားမရသော် နံတူကို ရှာကြံ၍ ရိုက်နိုင်သည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



## (က) နေ့သားအချင်းချင်း လာစေရန် ဓာတ်ဆင်ပုံ

**တနင်္ဂနွေသားသမီးမချင်းချင်း လာစေလိုသော်**

တနင်္ဂနွေ၏ အညွန့်ဖြစ်သည့် တနင်္လာနံ ကုက္ကိုသား လက် (၆)သစ်အား အဖျားချွန်၍ ငင်းအပေါ်တွင် 'လာစေ သူ၏အမည်နှင့်လာစေ' ဟုရေး၍ တနင်္ဂနွေ၏ ဆပွတ်ဖြစ်သော သောကြာနံမြောက် အရပ်ရှိ သီးပင်အောက်၌ ငင်းဓာတ်သားအား သောကြာနံ သံချောင်းနှင့် အမြန်လာစေဟု နှုတ် က ဆိုပြီး 'စရေ' ဓာတ်ပေါ်သဖြင့် 'ဝါယော' အချိန်တွင် မြေမြုပ် အောင်ရိုက်ပါ။





**♦ တနင်္လာသားသမီးအချင်းချင်း လာစေလိုသော်**

တနင်္လာ၏အညွန့်ဖြစ်သော အင်္ဂါသည် 'စိက္ခ' ဟူသည့်မိတ်ရန်ဖြစ်နေသဖြင့် တနင်္လာ၏ 'တြိရန်' ဖြစ်သော ဗုဒ္ဓဟူးကို အစထား၍စတုရန်းဖြစ်သော ကြာသပတေးကို ဂုဏ်ပြုလျက် လက်ပံသားအား လက်(၁၅)သစ်ဖြတ်၍ အထက် နည်းအတိုင်း ဆပွတ်ဖြစ်သည့် စနေအရပ်၊ အနောက်တောင်ထောင့်မှ ထား၍ ထန်းပင်အောက် ၌ 'အမြန်လာစေ' ဟု နှုတ်က ဆို၍ စရေဓာတ် ပေါ်သော ဝါယောအချိန်တွင် မြေမြုပ်အောင် ရိုက်ရမည်။

**♦ အင်္ဂါသားသမီးချင်းချင်း လာစေလိုသော်**

အင်္ဂါအညွန့် ဗုဒ္ဓဟူးနံ ဝါးဖြစ်စေ (သို့) အင်္ဂါဗုဒ္ဓဟူးတွဲသော ဇလပ်သားဖြစ်စေ၊ လက်(၈)သစ်ဖြတ်၊ အထက်နည်း အတိုင်း ဆပွတ်ဖြစ်သည့် တနင်္ဂနွေအရှေ့မြောက်အရပ်ရှိ အုန်းပင်၌ အုတ်ခဲ (သို့) အင်သားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆပွတ်သားသမီးက လာစေဟုနှုတ်မှ ဆိုပြီး စရေ ခတ်ပေါ်သည့် ဝါယောအချိန်တွင် ရိုက်ရမည်။

♦ ဗုဒ္ဓဟူးသားသမီးအချင်းချင်း လာစေလိုသော်

ဗုဒ္ဓဟူးအညွှန့် ကြာသပတေးနံယူလျှင် ရေဘူးဟူသည့် ရန်ခတ်ကျနေသဖြင့် ဗုဒ္ဓဟူး၏ တိုရန်းဖြစ်သည့် သောကြာနံအား အစထား၍ စတုရန်းဖြစ်သည့် စနေနံအား နောက်ခံ ပြုလျက် သနပ်သား လက် (၁၇)နှစ်သစ်ဖြတ်၊ အဖျားချွန်ပြီး 'အမည်နှင့် အမြန်လာစေ'ဟုရေ။ ဆပွတ်ဖြစ်သည့် တနင်္လာနံအရှေ့အရပ်ရှိ ကုက္ကိုပင်အောက်၌ ဆပွတ်ဖြစ်သည်။ တနင်္လာသားသမီးက'အမြန်လာစေ'ဟု နှုတ်မှရွတ်ပြီး စရေခတ်ပေါ်သည်။ ဝါယော အခါတွင် ကံ့ကော်သား လက်ရိုက်နှင့် ရိုက်ရမည်။





♦ ကြာသပတေးသားသမီးအချင်းချင်း လာစေလိုသော်

ကြာသပတေး၏အညွှန့်ဖြစ်သည့် သောကြာနံသတ်သား (သို့) ကြာသပတေးအစထား၍ သောကြာအသုံးပြုသည့် ဖက်သန်းသားကို လက် (၁၉)သစ်ဖြတ်၍ အထက်ပါအတိုင်း ခတ်သား ပေါ်တွင်ရေး၍ ဆပွတ်ဖြစ်သည်။ အင်္ဂါ အရှေ့တောင်ထောင့်ရှိ ဇီးပင်အောက်၌ စရေခတ် ပေါ်သည့် ဝါယောအချိန်တွင် ညောင်သားဖြင့် မြေမြုပ်အောင် ရိုက်ရမည်။

♦ သောကြာသားသမီးချင်းချင်း လာစေလိုသော်

သောကြာသား၏ အညွှန့်ဖြစ်သည့် စနေသည် 'သုတ'ဟူသည် ရန်ခတ်မလွတ်သဖြင့် သောကြာ၏တိုရန်းဖြစ်သည်။ တနင်္လာနံ အစထား စတုရန်းဖြစ်သည် တနင်္လာနောက်ခံပြုလျက် အင်သားလက် (၂)သစ်ဖြစ်စေ၊ ရန်ဖက် မဟုတ်သည့် သောကြာ တိုရန်း၊ စတုရန်းတွဲ၍ဖြစ်စေ၊ သောကြာ ကိုယ်စားပြုလုပ်၍ ဆပွတ်ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနံ့တောင်အရပ်ရှိ ဝါးပင်အောက်၌ ဝါးလက်ရိုက်ပြုလုပ်၍ အမြန်လာစေဟု ဆိုပြီး ရိုက်ပါ။

◆ **စနေသားသမီးချင်းချင်း လာစေလိုသော်**

စနေအညွှန့် တနင်္ဂနွေ၊ အုန်းသားလက် (၁၀)သစ်အား ချွန်၍ အထက်ပါအတိုင်း ပြုလုပ်၍ ဆပွတ်ဖြစ်သည့် ကြာသပတေးနံ့ အနောက်အရပ်ရှိပေါက်ပင် အောက်၌ ဆပွတ် ကြာသပတေးသားသမီးမှ အမြန်လာစေဟု နှုတ်ကဆိုပြီး စရေဓာတ်ပေါ်သည့် ဝါယောအချိန့်တွင် ပေါက်သားနှင့် ရိုက်ပါ။





## (ခ) နေ့စွဲသားအား လာစေရန် ဓာတ်ဆင်ပုံ

**တနင်္ဂနွေသားက ကြာသပတေးသားအား လာစေရန် ဓာတ်ဆင်ပုံ**

ကြာသပတေးသားအား လာစေရန် ပြုလုပ်လိုလျှင်-

၎င်း၏ဆပွတ် အင်္ဂါအရှေ့တောင်ထောင့်တွင် ပေါက်ပန်းဖြူ တောင်ဖက်ခက်တို့အား ကြာသပတေးအား ပြုခြင်း၊ ဆပွတ်အင်္ဂါကို ကြာသပတေးအုပ်လျက် စိန်ပန်း စပယ်ခက်အား အင်္ဂါသားပြု ခြင်းအားဖြင့်လည်းကောင်း အထက်နည်းအတိုင်း ပြုလုပ်ပါ။

◆ **တနင်္ဂနွေသားက စနေသားလာစေရန် ဓာတ်ဆင်ပုံ**

၎င်း၏ ဆပွတ်ကြာသပတေးအနောက်အရပ်တွင် တည်ခက်၊ ထိန်ခက်ကို စနေသားပြုခြင်း၊ ဆပွတ်ကြာသပတေးကို စနေအုပ်လျက် ပိတောက်၊ ပဒိုင်း တစ်ခုခုအား ကြာသပတေးပြုခြင်းအားဖြင့် ပြုလုပ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## ၆။ ကုန်ရောင်းတွင်အောင် ဓာတ်ဆင်နည်း

မိမိ၏ ရောင်းကုန်အသီးသီး အရောင်းထွက်စေလိုသော တစ်ခုတည်းသောနံဖြစ်သည့် တစ်ခုတည်းပြု၍ဆင်ရသည်။

ရှေ့နောက် အမည်ကွဲလွဲသည့်နံတို့အား ဓာတ်နှစ်ခုပြု၍ ဆင် ရသည်။

**စီရင်ပုံ**

ကြာသပတေးနံ၊ ပိုး၊ ပိတ်၊ ထွက်စေ၊ တွင်စေလိုသော

မိတ်ကိုရှာရမည်။ ကြာသပတေးမိတ်သည် အင်္ဂါဖြစ်၏။ မာတ်ရှာသော် တနင်္လာရ၏။ ထို့ကြောင့် မိတ်ဖြစ်သော အင်္ဂါ၊ မာတ်ဖြစ်သော တနင်္လာ အစီအစဉ်တကျတွဲသော 'ဆောင်ချမ်း' ရ၏။





၎င်း၊ ဆောင်ချမ်းကိုင်း (၁၉)ခက်အား စက္ကူနှင့်ပတ်၍ ကြာသပတေး၏ ဆပွတ် အင်္ဂါအရှေ့တောင်ထောင့် အရပ်ရှိ 'စဥ့်အိုး'တွင် စိုက်ထောင်ထားပါ။

၎င်းနောက် ဒုက္ခယအချိန်ရောက်သော် မိမိပြင်ဆင်ထားသည့် အောင်ချမ်းခက်နှင့် စရေဓာတ်ပေါ်သော ဝါယောအချိန်တွင် ဆပွတ် အင်္ဂါသားသမီးက ထွက်စေလိုသည့် ပစ္စည်းအား ထွက်စေ၊ အမြန်ထွက်စေ ဟု နှုတ်ကဆိုလျက် ရိုက်ပြီး စဥ့်အိုးတွင် ပြန်စိုက်ထားပါ။

ကြာသပတေးနံ 'ပဲဖြူ'ထွက်စေလိုသော အထက်ပါအတိုင်း စီရင်ပြုလုပ်၍ မရပါ။ နှစ်ခုလုပ်ရမည်။

**'ပဲ' ကြာသပတေး၏ ဆပွတ် အင်္ဂါ**

'ဖြူ'ကြာသပတေး၏ အက္ခရာ ဆပွတ်ရှာသော် 'ပဖဗဘ မယရယ နှင့် ရကောက်ရ၏။

၎င်းနံ ဆပွတ်နှင့် အက္ခရာဆပွတ်နှစ်ခုတွဲသော် စရစ်ရ၏။ ၎င်းစရစ် (၁၉) ခက်အား စက္ကူနှင့်ပတ် စဥ့်အိုးတွင် စိုက်ထောင်ထား။ ၎င်းနောက် မိမိကုန်ကို ရိုက်ပြီး အချိန်အခါ ရောက်က နှုတ်ကဆိုပြီးရိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ

တနင်္ဂနွေ၊ အိုး၊ အုန်း ထွက်စေလိုသော်

သနပ်တိုင်း(၆)ခက်ကိုယူ၊ မြောက်အရပ်၌ သံပုံးတွင် သဲထည့် ၍ အထက်ပါ ဓာတ်အကိုင်းကိုစိုက်၍ထောင်ထား။ ၄င်းဓာတ် အကိုင်းနှင့် စရေဓာတ်ပေါ်သော ဝါယောအချိန်တွင် သော်ကြာ ဆပွတ်သားသမီးက မိမိရောင်းလိုသော အိုး၊ အုန်း၊ စသည့် တနင်္ဂနွေနံ ကုန်ပစ္စည်း အမြန်ထွက်စေဟု နှုတ်က ဆိုပြီး ရိုက်ပါ။ ပြီးလျှင် သံပုံးတွင်ပြန်စိုက်ထားပါ။

**နံနှစ်ခုရှိသည့် ကုန်ပစ္စည်းထွက်ရန် ဓာတ်ဆင်ပုံ**

ကုန်ပစ္စည်းတွင် နံနှစ်ခုရှိသည့် ပစ္စည်းရှိသည်။ ဥပမာ 'အာလူး' ဆိုပါစို့။ အာလူးသည် နံနှစ်မျိုးရှိပြီး တစ်ခုနှင့်တစ်ခု မတူ။ 'အာ'သည် အမည်အရ တနင်္ဂနွေနံ၊ လူးသည် အမည် အရ 'ဗုဒ္ဓဟူးနံ' ယင်းသို့ နံနှစ်မျိုးရှိနေသောကြောင့် နှစ်မျိုး ခွဲ၍ စီရင်ရသည်။

**'အာ'အတွက် စီရင်ပုံ**

'အာ'ဟူသည့် တနင်္ဂနွေ၏မိတ်ကိုရှာသော် ကြာသပတေးရ၏။ ဓာတ်ကိုရှာသော စနေရ၏။ နံနှစ်ခုပေါင်းသော် 'ပဒိုင်း'ရ၏။ ထို့ကြောင့် ပဒိုင်းခက် (၆)ခက်ကိုယူ၍





တနင်္ဂနွေ၏ ဆပွတ် သော်ကြာမြောက်အရပ်၌ ရှိ သဲပုံးတွင် ထည့်၍ ဓာတ်ဆင်ကာ စိုက်ထောင်ထားရမည်။

ထို့နောက် မိမိထွက်စေလိုသည့် အားလူးကုန်အား စနေ ဓာတ်ပေါ်သော ဝါယောအချိန်တွင် ဆပွတ်ကြာသပတေးသား သမီးက 'ထွက်စေ'ဟု နှုတ်ကဆိုပြီးရိုက်၍ ပြင်ထားပါ။

**လူးအတွက် စီရင်ပုံ**

'လူး'ဟူသည့် ဗုဒ္ဓဟူးမိတ်ကိုရှာသော် တနင်္လာရ၏။ ဓာတ်ကိုရှာသော် သော်ကြာရ၏။ နံနှစ်ခုပေါင်း 'ကသစ်' ကသစ်အရ ခက်အားယူ၍ ဗုဒ္ဓဟူး၏ ဆပွတ်တနင်္လာအရှေ့ အရပ်၌ ကြေးခွက်တွင် ကျောက်ခဲထည့်၊ ဓာတ်ဆင်ကာ စိုက်ထောင်ထား။

၄င်းဓာတ်အတိုင်းနှင့် မိမိထွက်စေလိုသည့် အာလူး ကုန် အား၊ စရေဓာတ်ပေါ်သော ဝါယောအချိန်တွင် ဆပွတ် တနင်္လာ သားသမီးက 'ထွက်စေ၊ စွံစေ'ဟု နှုတ်ကဆိုလျက် ရိုက်နက်ပြီး ပြန်ထားရမည်။



www.burmeseclassic.com

www.burmeseclassic.com



**အထူးသတိပြုရန် မှတ်ချက်**

စရေးတက်ပေါ်သောအချိန်တွင် ပေါ်ချိန်သည် မိနစ် (၉၀) ရှိရာ ပထမ (၄၅)မိနစ်တွင် မိမိဆန်ကိုထည့် ဓာတ်ကို တင်၍ထားပြီး ဒုတိယ (၄၅)မိနစ်အားရှိသော အချိန်တွင် အထက်စေလိုသည့် ကုန်စေလိုသည့် လူးနံ့အတွက် အမိ အရ ပြုလုပ်ရသည်။

(စာရေးသူ)





## ၄။ အမှုအခင်း တရားတဘောင်နိုင်စေရန် ဓာတ်ဆင်နည်း

တစ်ခါက ကျွန်တော် ဘညိုအိမ်သို့ ရောက်သည်။ ဘညို အိမ်တွင် အသားညိုညို၊ ပုပုနှင့် လူတစ်ဦးနှင့်ဆုံသည်။

သူ့အမည်က အောင်ဒင် ဖြစ်၏။

ဘညိုက...

'မင်းနဲ့အခုဖြစ်နေတာ သောင်းဝေနော်။ ဒါဆို သောကြာ သားပေါ့'ဟုမေး၏။

'ဟုတ်ပါတယ်ဆရာ'

'ဒါဆို မင်းနားထောင်...'

'ဟုတ်ကဲ့ ပြောပါ ဘညို'



www.burmeseclassic.com

www.burmeseclassic.com



'မင်း သောကြာနံ သမီးကိုရှာ၊ ပြီးတော့ လက်(၆)သစ် ဖြစ်ဖြစ်၊ (၂၁) သစ်ဖြစ်ဖြစ် ဖြတ်'

'ဟုတ်ကဲ့'

'အေး . မင်းသတိထားရမှာက တနင်္ဂနွေအယူ'မယူနဲ့နော်၊ သောကြာ ဆပွတ်ဖြစ်တဲ့ တနင်္ဂနွေ ဘုမ္မိဖြစ်တဲ့တောင်အရပ်မှာရှိတဲ့ တနင်္ဂနွေ၏ အညွန့် တနင်္လာနံ ကုက္ကိုပင်အောက်မှာ နံ့ပစ္စည်းကို တနင်္လာနံ ကျောက်ခဲနှင့်ရိုက်ပြီး စိုက်ရမယ်။ ဒီကိုစိုက်တဲ့ အခါမှာ နေနဲ့မျက်နှာချင်းဆိုင်ပြုထားရမယ်'

'ပြီးတော့ မိမိစိုက်ထားတဲ့ဓာတ်ကို ရေ ၁၂ ခွက်လောင်း ပြီးတော့ ယပ် (၂)ချက်ကို ဆုတောင်းပြီး'

'ဟုတ်ကဲ့ ဆရာမှာတဲ့အတိုင်းလုပ်ပါ့မယ်'

'ကောင်းပြီ၊ ဒါက သောကြာသားကိုနိုင်ဖို့ ဓာတ်ဆင်နည်းပဲ'ဒါပေမယ့် ဒီလောက်နဲ့ မရသေးဘူး'

'ဟုတ်ကဲ့ ပြောပါဆရာ'

'မင်း ဒီကို အစီအရင်သွားမလုပ်ခင် အိမ်မှာ လုပ်ရမှာရှိသေးတယ်'

'ဟုတ်ကဲ့'





"မင်း သေသေချာချာမှတ်နော်။ မင်းအိမ်က ထွက်တဲ့အခါ သောကြာ ဆပွတ်ဖြစ်တဲ့ တောင်အရပ်မျက်နှာမှာ သီရွက် (၁)ရွက် သို့မဟုတ် (၆)ရွက်ယူ သံပြား သို့မဟုတ် သွပ်ပြားပေါ်မှာ မိမိ နိုင်လိုသူ အမည်ကိုရေး သီရွက်တွေကိုတင်၊ အဲဒီအပေါ်မှ ခြေအစုံ တင်ပြီးရပ် တနင်္ဂနွေ ဘြိရန်း၊ စတုရန်းဖြစ်တဲ့ အင်္ဂါအစ၊ ဗုဒ္ဓဟူး အဆုံးရှိတဲ့ ဇလပ်ပန်းကို လက်မှာကိုင် နေနဲ့မျက်နှာချင်းဆိုင်ပြီး 'သောကြာသားသမီးသောင်းဝေကို နိုင်ရပါစေ'ဟု စိတ်ကမှန်းပြီး သွပ်ပြားပေါ်ကို နင်းပြီး လိုရာဆုတောင်း ဟု မှာ၏။

'သောင်းဝေက ကျေးဇူးပါပဲဆရာရယ်'ဟု ဝမ်းသာအားရပြောပြီး ပြန်သွားလေသတည်း။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## ၈။ လင်မယား ပြန်ပေါင်းရန် ဓာတ်ဆင်နည်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အေးအေးသင်းဆိုသည့် မိန်းကလေးတစ်ဦး ရောက်လာသည်။ သူက "ကျွန်မယောကျ်ားက ကျွန်မကို ပစ်သွားလို့ ကျွန်မကို ကယ်ပါဦး" ဟု ငိုသံပါနှင့် ပြောသည်။

ကျွန်ုပ်က-

'ကဲ…ကဲ… ဝမ်းနည်းမနေနဲ့၊ မင်းကဘာနေ့သမီးလဲ၊ မင်းယောကျ်ားက ဘာနေ့သားလဲ'

ဟု မေးလိုက်သည်။

သူမက 'ကျွန်မက တနင်္ဂနွေသမီးပါ၊ ကျွန်မခင်ပွန်းက ကြာသပတေးသားပါ' ဟု ပြောသည်။





ထိုအခါ ကျွန်ုပ်က

'မင်း လိုက်မှတ်'

ဟုပြောရာ သူက ဘောပင်စာရွက်ထုတ်ကာ လိုက်မှတ်၏။

တနင်္ဂနွေ၊ ကြာသပတေးနံ အစဉ်အတိုင်း နှစ်ခုပေါင်းသော အင်ဖတ်ရ၏။ အင်ဖက်ကို ယပ်အရိုးပြုလုပ်၍ထားလိုက်··

တနင်္ဂနွေ၏ အညွှန့်၊ တနင်္လာနံအစ၊ ကြာသပတေးအညွှန့် သောကြာနံအသုံးပြု၍ နှစ်ခုပေါင်းရသည့် ကသစ်ကိုင်းအား ဂြိုဟ်သစ်နှစ်ပါးပေါင်း၍ လက်(၂၅)သစ်တိုင်းဖြတ်သော ယပ်ရိုးတွင် အင်ဖက်ကို ကပ်…

ယပ်တောင်သဖွယ်ဖြစ်သွားမည်ဖြစ်၏။

ကြာသပတေးဖြစ်၍ ဖန်ပူးတွင်စိုက်ကာ အမြင့်၌ထား။

၎င်းကြာသပတေးသားအပေါ်တွင် စိတ်အေးချမ်းသာစွာ အလိုပြည့်စေသည်မှာ တနင်္ဂနွေသမီးဖြစ်၍ ကြာသပတေးနံ ဘုရား၌ ပြုလုပ်ထားသည့် ယပ်

www.burmeseclassic.com



(၂)ချောင်းဖြင့် (၂၅)ချက်ဖြစ်စေ၊ ၁၀၈ ချက်ဖြစ်စေ၊ ယပ်ခပ်ပါ။

ထို့နောက် ဘုရားလက်ဝဲ လယ်ယာတွင်ထားပါ။

ရေ (၁၂) မှုတ် သပ္ပာယ်၍ အာပုံမုန့်ကို လှူဒါန်း ဆက်ကပ်ပါ။ စွန့်လျှင် ခင်ပွန်းယောက်ျား၏ ဆပ္ပတ် အင်္ကျီ၊ အရှေ့ အရပ်၌စွန့်ပါ။

ယပ်အား (၂၅)ရက်ဖြစ်စေ (၂၆)ရက်ဖြစ်စေ၊ မိမိအလို ရှိရာ ဆုတောင်းပြီး ၂၅ ချက်ဖြစ်စေ၊ ၁၀၈ ချက်ဖြစ်စေ ခပ်ပြီး ကြာသပတေးနံ ဘုရားဆောင်နှစ်ဖက်တွင် လှူ ထားပါ။

'ကျေးဇူးပါပဲ ဆရာရယ်'

ဟု ကျွန်ုပ်ကိုပြောသည်။

'မင်း မကြာခင်စိတ်ချမ်းသာရမှာပါ'

ဟု ပြောလိုက်၏။

အေးအေးသင်းပြန်သွားလျှင် ကျွန်ုပ်တပည့်က

'တခြားနေ့သားတွေအတွက်ကော ဆရာ' ဟု မေးလျှင်

'ဒီဓာတ်ဆင်၊ ဓာတ်ခွင်အတိုင်း နေ့နံအရ အရေအတွက် ပြောင်းပြီးလုပ်ယုံပေါ့' ဟု ဖြေလိုက်၏။





## ၄။ ကြွေးပြန်ရအောင် ဓာတ်ဆင်နည်း

ကြွေးပြန်ရအောင် ဓာတ်ဆင်သည့်နေရာတွင် သတိပြုရန် အချက်တစ်ခုရှိသည်။ အဘယ့်ကြောင့်ဆိုသော် ယခု ဓာတ်ဆင်ရသည်မှာ ငွေကြေးနှင့်ပတ်သက်နေသကဲ့သို့ အလွန် အချက်အချာကျသလို အများနှင့်ဆက်ဆံရသည့်အကြောင်း ဖြစ်သောကြောင့် ဓာတ်မိရန် အလွန်အရေးကြီးသောကြောင့် ဖြစ်သည်။

ပြုတိုင်း ဖြစ်ပါက ကောင်းမြတ်သော အစီအရင်ဟု ဆိုရ မည်ပင်။

ထို့အတူ ဤအစီအစဉ်ပြုလုပ်ရာ၌ အထူးသတိပြုရန်မှာ မူလကြွေးပေးသူ၊ ရလိုသူ၏ ကံ ကမ္မနိမိတ်ကို ကြည့်ရှုစစ်ဆေး ရန် တစ်ချက်ရှိသလို ပေးရမည့်သူရှိမရှိကိုလည်း သတိပြုရ မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို ကြည့်ရှုပြီးမှ ပြုလုပ်လျှင် မုချ အောင်မြင်မည်။

ပေးသူက ကံ၊ ကမ္မနိမိတ်ရှိသော်လည်း ပေးရမည်သူက မရှိလျှင် ရနိုင်မည်မဟုတ်သည်ကို သတိချပ်ပါ။

♣♣♣





## ♦ ဗုဒ္ဓဟူးသားထံမှ ချေးငွေအား ကြာသပတေးသားက ပြန်မပေးသဖြင့် ရအောင်ဓာတ်ဆင်ပုံ

ငွေနံ့ တနင်္လာအား ပစ္စည်းရှင်ဖြစ်သော ဗုဒ္ဓဟူးနံက အုပ်လျက် မိမိနံ၏ ဆပ္ပတ်ဖြစ်သော တနင်္လာနံအရှေ့ အရပ်တွင် ကလိန်စက်နှင့် ကြာသပတေးနံကို ဗုဒ္ဓဟူးနံ က အုပ်လျက် ဖလားတွင် အထက်ပါ ကလိန်ခက်အား ငွေတစ်မတ်စေ့တစ်စေ့နှင့်အတူ သဲနှင့်ရောကာ စိုက် ပါ။

ထို ရှေ့အရပ်၌ပင် 'စရေ'အချိန်၌ ကြွေး၊ မပေးသူ ကြာသပတေးသားရှိရာမှန်း၍ ပေးစေ'ဟု ဆိုကာ ယပ် (၂၂) ချက်ခတ်ပါ။

'စရေ'ချိန် တစ်ခုတည်းကို အခြေပြု၍ အတည်ပြု၍ ရက်သတ္တတစ်ပါတ်လည်အောင် အခါပေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ ပြုလုပ်ပါ။ အချိန်နာရီတိကျအောင်လုပ်ပါ။ တစ်ပါတ်ဆို ခဲ့သည့်အတိုင်း မဖြစ်ခဲ့လျှင် တစ်စုံတစ်ခု လွဲချော်၍ မှတ်ပါ။ အဟောင်းအားလုံးကိုစွန့်ပါ။

ကလိန်ခက်

မတ်စေ့

ဖလားတို့အား စင်ကြယ်အောင်ပြန်လည်ဆေးကြောပြီး အချိန်အခါ တိကျအောင် ပြန်လည်ပြုလုပ်ပါ။ မုချအောင်မြင်ပါမည်။

♣♣♣

ပစ္စည်းပြန်ရအောင် ဓာတ်ရိုက်ဓာတ်ဆင်ရာတွင် ငွေသာမဟုတ်။ စိန်ရွှေပစ္စည်းများ ပြန်ရအောင်လည်း စီရင်နိုင်သည်။





## ♦ ဗုဒ္ဓဟူးသားထံမှ စိန်အား ကြာသပတေးသားငှားပြီး ပြန်မပေးသော်

စိန်၏အင်္ဂါနံကို ဗုဒ္ဓဟူးက အုပ်၍ ဖလပ်ကိုင်းကိုယူပြီးလျှင် ကြာသပတေးနံကို ဗုဒ္ဓဟူးနံက အုပ်သော်၊ ဖလား၌ ဗုဒ္ဓဟူး၏ ဆပ္ပတ် တနင်္လာ အရှေ့အရပ်၌ အထက်ပါဓာတ်အကိုင်းနှင့် စိန်ဖြစ်စေ၊ အင်္ဂါနံဆန်ဖြစ်စေ၊ ရေဆေးပြီးစိုက်၍ထားပါ။

သဲရေထည့်ခြင်းတို့နှင့်တကွ အချိန်တိကျစွာယူ၍ ယပ်ခတ်ခြင်း စသည့်တို့အား အထက်ပါအတိုင်းလုပ်ပါ။ လုပ်နည်းအစီ အစဉ်ကို တိကျစွာ လုပ်ပါ။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ပစ္စည်းပျောက်ရာ ပြန်ရအောင် ဓာတ်ဆင်နည်း

ပစ္စည်းပျောက်ဟုဆိုရာ၌ ထိုပစ္စည်းပြန်ရအောင် ဓာတ်ဆင်ပုံမှာ လဆန်း ၁ ရက်မှစ၍ လာမေးသည့်ရက်အထိ ပေါင်း၍ တည်ကိန်းကိုပြု ကိုးနဝင်းနှင့်စား အကြွင်းကိုကြည့်၍ ရ၊ မရ အောက်ပါအတိုင်းဟောပါ။

**ဟောဆိုနည်း**

၁.၀.၅ တို့ ကြွင်းလျှင် ရလိမ့်မည်ဟုဟော

၂.၇.၃ ကြွင်းလျှင် ပျောက်သောဥစ္စာ၏ သတင်းကို ၁ ရက်၊ ၂ ရက် အတွင်း သိရလိမ့်မည်ဖြစ်သဖြင့် ရ၊ မရ နှစ်ခု ဟောပါ။

၄.၆.၈ ကြွင်းလျှင် ပျောက်သောဥစ္စာမှာ ခရီးလွန်နေ





ပြီဖြစ်သဖြင့် အစပျောက်ဆုံးတော့မည်ဖြစ်သဖြင့် အစပျောက်ဆုံးတော့မည်ဖြစ်သောကြောင့် ရဖို့ခက်တော့သည်။ မရနိုင်ဟု ဟောပါ။

သို့သော် ပျောက်သောနေ့က လဂ်တွင် ရဖို့အကြောင်းရှိပြီး လာမေးနေ့က မရကိန်းပြုနေလျှင် ချင့်ချိန်၍ပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



## ပစ္စည်းပျောက်အတွက် အကျဉ်းမှတ်ရန် လင်္ကာလေးယပ်

- လိုရာသီဆန်းစက၊ စခန်းကျကောက်ပါ၊ မေးလာ သည့် ရက်လောက်သာတွက် ကောက်ခါတည်မြဲ။
- ကိုးနဝင်း ယှစ်ဘုဒ္ဓာ၊ တစ်သုညကြွင်းပဥ္စနဲ့၊ ပျောက်သမျှ မနှေး၊ ရဖို့ဒလမလွဲ။
- ခွေးသတ္တာ၊ တြိန်းလဲပြန်တော့၊ မတိမ်းဘဲနှောင် ခါ၊ ပျောက်ဥစ္စာရသတင်း၊ တစ်နှစ်တွင် ကြားလိမ့် သောတာ။
- စတု၊ ဆ အငွေ့မှာ၊ မြတ်ဘောဂါလွန်မြောက် ၍၊ စွန့်အပျောက်သေချာ၊ ဆုံးပြီမှတ်ပါ။ ရဖို့ကိန်း ငါ့ဆရာ မှာ၊ ဟောဖို့ရာ ခက်လွန်းလို့ လေး။

(ဤတေးထပ်အရ ဆောင်၍ဟောပါ။)





## ♦ ဗုဒ္ဓဟူးနံ ရွှေပျောက်သော ကြာသပတေးသားကို ပြန်ရအောင်ဓာတ်ဆင်နည်း

### ဗုဒ္ဓဟူးနံ ရွှေပျောက်မှု

ပျောက်သောရွှေနံနှင့် ပျောက်သူကြာသပတေးနံသည် 'ရေဗူး' ဟူသည့် ရန်ငြိုးဟိုက်ကျနေသဖြင့် ရန်ပျက် မိတ်ဟူသည့် စကားအရ ရန်ကို ဖျက်၍မိတ်ဖြစ်ရန် ဖရုံရွက်ကိုယူ၍ ဗုဒ္ဓဟူး ဆပွတ်ဖြစ်သည့် မြေခွက်တွင် ဖရုံရွက်အား စရေဓာတ်ပေါ်သော ဝါဟောအချိန်၌ ရေစက ကျောက်ခဲ နှင့် ရေကိုပါလောင်းထည့်ပြီး ရွှေပျောက်သည့် နေရာတွင် ယပ် ၂၂ ချက်ခပ်၍ ပြန်ရအောင် ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## ◆ တနင်္လာနံ့ငွေပျောက်သော သောကြာသားကို ပြန်ရအောင် ဓာတ်ဆင်နည်း

### တနင်္လာနံ့ငွေပျောက်မှု

ပျောက်သောငွေနှင့် ပျောက်သူသောကြာနံ့သည် သောက ဟူသည့် ရန်ကျနေသဖြင့် သက်ကယ်ကို မယူဘဲ၊ ရန်ကို ဖျက်၍ မိတ်ဖြစ်အောင် ကသစ်စက်နှင့် ဓာတ္တု ရေစက အုတ်ခဲနှင့် ရေကိုပါယူ၍ စရေတာတ် ပေါ်သော ဝါယော အချိန်တွင် တနင်္လာ ဆံပွတ် စနေနံ အိမ်အိုးတွင် ထည့်ပြီးလျှင် ပျောက်သောနေရာ၌ ယပ် (၂)ချက်ခတ်၍ ပြန်ရအောင် ဆုတောင်း၍ ထား ပါလေ...။





## ၁၁။ ခေါင်းကျသူတို့ ခေါင်းပြန်ရစေရန် ဓာတ်ဆင်နည်း

(၇)ရက်သားသမီးတို့အတွက် ဓာတ်ဆင်ပုံ

### ◆ တနင်္ဂနွေသားတို့အတွက်

ကြာသပတေးမင်းနံ့ကို တနင်္ဂနွေနောက်အုပ်သဖြင့် မှန် အိမ်ကို ဆံပွတ်ဖြစ်သော အင်္ဂါ အရှေ့တောင်ထောင့် အရပ်၌ဖြစ်စေ၊ ဆိုင်ရာ တနင်္ဂနွေနံ့အုရုံးတွင်ဖြစ်စေ၊ မြဲဆိုသည့် အချိန်အခါကို တွက်စစ်၍ မြင့်သောအရပ် တွင် ဆုတောင်းလျက် လှူ၍ထားပါလေ။

### ◆ တနင်္လာသားတို့အတွက်

ကြာသပတေး မင်းနံ့ကို အထက်နည်းအတိုင်း တနင်္လာ နောက်အုပ်သဖြင့် မျက်နှာကျက်မကိုင်ရှုကို အင်္ဂါအရှေ့

www.burmeseclassic.com



တောင်ထောင့်အရပ်၌ ဖြစ်စေ၊ မြင်ရာအရပ်တွင် ဆုတောင်း၍ ဆွဲလှူပါ။

♦ **အင်္ဂါသားတို့အတွက်**

ဆိုင်ရာအင်္ဂါနံဘုရားတွင် စိန်တင်လှူခြင်း ပျက်စီးနေသည့် စိန်ဖူးစသည်တို့ကို ပြုပြင်မွမ်းမံခြင်းတို့အား အထက်ပါနည်းအတိုင်း အချိန်အခါကို စိစစ်၍ လှူဒါန်းပါ။

♦ **ဗုဒ္ဓဟူးသားတို့အတွက်**

ယန်း၊ ပုလင်းလှူခြင်း၊ ပလ္လင်ကိုပြုပြင်မွမ်းမံခြင်းဆိုင်ရာအား ဗုဒ္ဓဟူးနံ ဘုရား၌ဖြစ်စေ၊ လှူဒါန်းခြင်းအား ဆိုအပ်ခဲ့သည့် နည်းအတိုင်းသာ မှတ်ယူပါ။

♦ **ကြာသပတေးသားတို့အတွက်**

ဖန်ပူးထဲတွင် မျက်မှန်ထည့်၍ အင်္ဂါနံဘုရား၌ဖြစ်စေ၊ အင်္ဂါထောင့်တွင်ဖြစ်စေ၊ ဆိုင်ရာ ကြာသပတေးနံဘုရားမှာဖြစ်စေ၊ ဆုတောင်း၍ မြင်ရာအရပ်မှ လှူဒါန်းပါ။ အချိန် စသည်တို့အား ဆိုခဲ့ပြီးသည့် အစဉ်အတိုင်း မှတ်ပါ။





♦ **သောကြာသားတို့အတွက်**

သပိတ်အား အင်္ဂါနံဆပွတ်ဘုရား၌ဖြစ်စေ၊ အင်္ဂါသားရဟန်းအားဖြစ်စေ၊ လှူဒါန်းခြင်း သွပ်မိုး စသည်တို့ကို ပြုပြင်ခြင်း ဆောက်လုပ်လှူဒါန်းခြင်းကိုပြု (သို့မဟုတ်) ဆိုင်ရာ သောကြာနံဘုရားတွင် ရှိသည့် အင်္ဂါထောင့်ရှိ တန်ဆောင်းဇရပ်အား သွပ်မိုးပြီး လှူဒါန်းလျှင် အထူးကြီးပွားနိုင်ပါသည်။

♦ **စနေသားတို့အတွက်**

ပ်တောက်သားအား (၁၀၈)လုံး ပုတီးပြုလုပ်လျက် ဆိုင်ရာ စနေနံဘုရား၌ဖြစ်စေ၊ မြင့်ရာအရပ်မှ ဆုတောင်း၍ လှူပါ။

**မှတ်ချက်။ ။ အမြဲတည့်တဲ့လိုမှုတို့၌ ဓာတ်ဆင်သည့်အခါ ဂဗ္ဘေဓာတ်ပေါ်သည့်အချိန်အခါအား သတိပြု၍ စီစဉ်ရ မည့်ဖြစ်သကဲ့သို့ နိမ့်ရာအရပ်မှ မြင့်ရာသို့ ဆုတောင်း၍ ဆက်လှူရမည်။**

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ရာထူးတည်မြဲအောင် ဓာတ်စီရင်နည်း

ရာထူးရှိသူက ရာထူးမြဲလိုသည်။ ထိုသို့ရရှိပြီးသူတို့သည် အခြားတစ်ပါးသို့ မရွှေ့လျား မသွားလိုကြတော့။ ထို့ကြောင့် တည်မြဲအောင် ကြိုးစားကြစမြဲ။

ယင်းသို့ဖြစ်သော် အထက်က မင်းနှံ့နှင့် ပြုလိုသူ၏နံတို့ တွဲလျက် မေတ္တာသက်မှုနံဝတ္ထုပြုပြင်ခြင်း၊ နမ်အုပ်ဓာတ်ဆင်ရာ၊ မှန်အိမ် စသည်တို့ နောက်ဆက်တွဲ၍ ထိုအမှုထဲ၌ တည့်မြဲလိုသည့် ရက်သားသမီးတို့၏ နံဝတ္ထုတစ်ခုခုကို နံဘုရား၊ ဆပ္ပတ်ဘုရားတို့၏အောက်၌ နေရာထိုင်ခင်းပြုလျှခြင်း၊ စွဲမြဲသောအရာဝတ္ထုတစ်ခု ခုကို မရွှေ့သွား နိုင်မှာအောင် လျှုဒါန်းခြင်းအားဖြင့် အာပေါ၊ ပထဝီဓာတ် နှစ်ပါးပေါ်သည့်အခါမှာ ဉာဏ်နှင့်ယှဉ်ကာ ချဲ့ဖွင့်စီရင်ဖို့လိုသည်ကိုမှတ်ပါ။





### ♦ တနင်္ဂနွေသားသမီးတို့အတွက်

တနင်္ဂနွေနံ အုတ်ခင်း၍ ဆပ္ပတ်မိရာလိုအပြင့် ထိုဘုတ်ပေါ်တွင် သဲ မွေ့ယာခင်း၍ ဘုရားကို လှူခြင်း၊ အိုးကို သဲထည့်၍ မရွှေ့လျားနိုင်သော နေရာတွင် အေးသောဓာတ် အစီအရင် ရေလောင်း၍ ထည့်ထားခြင်း၊ ထိုအိုးအား သဲအုပ်၍ အထက်မှ ပန်းအိုး၊ မှန်အိမ်တို့အားဖိ၍ ထားခြင်းအားဖြင့် တစ်ဆင့်ထက်တစ် ဆင့်တက်ကာ နည်းမိလျက် ဉာဏ်နှင့် ယှဉ်၍ ပြုလုပ်ပါ။

### ♦ တနင်္လာသားသမီးတို့အတွက်

တနင်္လာနံ ကျောက်ပြားကို ဆပ္ပတ်မိရမည့်ဖြစ်သဖြင့် စနေနံ ထုံးသုတ်လျက် ဘုရားနောက်တိုင်ပြုလုပ်၍ လှူဒါန်းခြင်း။ ထို့နောက် ကြေးခွက်ကိုအောက်ခံပြုလျက် တယ်မင်ကိုဖြစ်စေ၊ နန္ဒမ်းပင်ကိုဖြစ်စေ၊ ထည့်စိုက်၍ မရွှေ့လျားနိုင်သော နေရာတွင် အေးသောဓာတ် အစီအရင်နှင့် ရေလောင်းယပ်ခတ်၍ လှူဒါန်းထားခြင်း စသည်တို့ ပြုလုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



◆ **အင်္ဂါသားသမီးတို့အတွက်**

အင်္ဂါနံ ညောင်ပင်ကိုဖြစ်စေ၊ ဇီးသားကိုဖြစ်စေ၊ အောက်ခံပြုလျက်၊ အိုးအပေါ်မှတင်ပြီး ရေအပြည့်ထည့်ကာ ရေချမ်းစင် ဆောက်လုပ်ကာ လှူဒါန်းခြင်း၊ အုန်းသားကို ရှင်သီဝလိရုပ်ထု၍ ဇီးသားပလ္လင်အောက်ခံပြုပြီး မိမိ အမြဲနေလိုသည့်အရပ်ရှိ တန်ခိုးကြီးဘုရားတွင် လှူဒါန်းခြင်းအမှုကို ပြုရမည်။

◆ **ဗုဒ္ဓဟူးသားသမီးတို့အတွက်**

ဗုဒ္ဓဟူးနံ လေယပ်ကို ဆပွတ် တနင်္လာနံ ကျောက်စီ၍ အမြဲနေလိုသည့်အရပ်ရှိ ဘုရားတွင် မြင့်ရာမှလှူဒါန်းခြင်း။ ထို့နောက် ကြေးဆင်းတုတစ်ဆူအားလည်း မွေ့ယာနေရာပြု၍ တည်မြဲမှု ချွတ်စီရင်ရန်

◆ **ကြာသပတေး သားသမီးတို့အတွက်**

ကြာသပတေးပေါက်ပန်းဖြူသားကို ပလ္လင်ပြု၍ ညောင်သားအားဘုရားထုပြီး အထက်ပလ္လင်ပေါ်တင်၍ ကိုးကွယ်လှူဒါန်းထားခြင်း။ ထို့နောက် အမြဲနေထိုင်လိုသောအရပ်တွင်





ကြာသပတေးနံ ဘုရားရှိရာ စိန့်ဖူးတင်ထားခြင်း ဖျာတိုစောင်နှင့်ချုပ်၍ ဘုရားနေရာထိုင်ပြုခြင်း စသော ခိုင်မြဲသောအရာ၌ မရွေ့လျားနိုင်အောင် ပြုလုပ်ပါ။

◆ **သောကြာသားသမီးတို့အတွက်**

သောကြာနံ သံပုံးကို အောက်ခံပြုလျက် ဆပ္ပတ်ဖြစ်သည့် ရဲယိုပင်စိုက်ပျိုးပြီးလျှင် ကြီးပွားအောင်ပြုပြင်၍ထားခြင်း။ ထို့နောက် သံပုံးတွင် သဲထည့်ကာ မိမိနေလိုသည့် အရပ်၌ မခန်းသောရေရှိရာတွင်ချထားခြင်း စသည်တို့ကို ခိုင်မြဲအောင်လုပ်ပါ။

**စနေသားသမီးတို့အတွက်**

စနေနံဘုရား၏ထီးတော်တွင် မြကျောက်တစ်လုံးအား မြဲမြဲတည်တံ့စွာ လှူဒါန်းထားခြင်း။ ထို့နောက် ထန်းပင်ကို မိမိနေသော အိမ်၏အနောက်အရပ်တွင် စိုက်ထားခြင်း၊ အသက်ရှည်၍ မညှိုးနွမ်းနိုင်သည့် ပန်းပင်မျိုးအား ဒန်အိုးတွင် ထည့်စိုက်၍ ဘုရား၌ လှူဒါန်းခြင်းစသည့် ခိုင်မြဲမှုတည်တံ့မှု တစ်နေရာနှင့် တစ်နေရာ မပြောင်းရွှေ့လိုမှုများအား စဉ်ဆက်မပြတ် ပြုလုပ်ရန်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ စီရင်ရာတွင် ခိုင်မြဲသောဓာတ်၊ မရွေ့လျားနိုင်သည့် ဓာတ်များအား မရသော်လည်း ရပြီးသည့်ဓာတ်၊ လွယ်လွယ်ကူကူ ရနိုင်သော ဓာတ်ကိုပင်အညှိုးအနွမ်းမခံဘဲ မကြာမကြာပြုပြင် ပေးပါက အတူတူအကျိုးပြီးနိုင်၏။

သို့သော် ပြုလုပ်သည့်အခါ အချိန်အခါမှန်အောင် မိအောင် မလုပ်လျှင် နေဆက် ရက်ဆက်ပြုလုပ်သော်လည်း အကျိုးပြီးမည် မဟုတ်သည်ကို သတိချပ်ပါ။ အချိန်အခါကို အထူးစိစစ်၍ ကောက်ယူလုပ်ဆောင်ပါ။

❖❖❖

'စံလှစာပေ'



## ၁၃။ သားသမီးအဖတ်မတင်သူများ သားသမီးရရန် စီရင်နည်း

သားသမီးမွေးလျက်၊ အဖတ်မတင်သူများရှိသည်။ ထိုသို့သော မိန်းမတို့အတွက် သားသမီးအဖတ်တင်ရန် ဤသို့ စီရင်ရ မည်။

စီရင်ပုံမှာ-

မွေးနံပင်တွင် ရှစ်မျက်နှာ အခက်တို့အား မခွဲမချိတ်ဘဲ မြစ်တွင်းဖြစ်စေ၊ တနင်္ဂနွေ၊ တနင်္လာစဉ်လျက် ဘုမ္မိအရပ်တွင် ဆပွတ်သားသမီးကို ဆုတောင်း၍ စွန့်ခိုင်းပါ။

၁။ တနင်္ဂနွေနေ့အောင် မည်းဖြူ ခက်အားတောင် အရပ်တွင် သောကြာသားကို စွန့်ခိုင်းပါ။

၂။ တနင်္လာနေ့ ကင်ပွန်းခက်အား အနောက်တောင် အရပ်တွင် စနေသားကို စွန့်ခိုင်းပါ။

၃။ အင်္ဂါနေ့ စပါးယိခက်ကို အနောက်အရပ်တွင် တနင်္ဂနွေသားကို စွန့်ခိုင်းပါ။

၄။ ဗုဒ္ဓဟူးနေ့ နံနက်ခင်းမှာ လက်ပံခက်ကို အနောက် မြောက်အရပ်တွင် တနင်္လာသားကို စွန့်ခိုင်းပါ။

'စံလှစာပေ'

www.burmeseclassic.com



၅။ စနေနေ့၊ တမာခက်ကို မြောက်အရပ်တွင် ကြာသပ တေးသားကိုစွန့်ခိုင်းပါ။

၆။ ကြာသပတေးနေ့၊ ပေါက်ပန်းခက်ကို အရှေ့မြောက် အရပ်တွင် အင်္ဂါသားကို စွန့်ခိုင်းပါ။

၇။ ဗုဒ္ဓဟူးနေ့ ညပိုင်းမှာ ရင့်မာခက်ကို အရှေ့အရပ်၌ တနင်္လာသားကို စွန့်ခိုင်းပါ။

၈။ သောကြာနေ့၊ သပြေခက်ကို အရှေ့မြောက်အရပ် တွင် ဗုဒ္ဓဟူးသားကို စွန့်ခိုင်းပါ။

ဤသို့ (၇)နေ့ ရှစ်ခုတွဲလျက် ဆုတောင်း၍ စွန့်ခြင်းကို ပြုလုပ်ပြီးမှ အထက်က မိမိအိမ်တွင် အတွင်းရှစ်မျက်နှာ၌ ထားသော အစီအရင်ကိုလည်းပြုပါ။ ပွဲ (၅) ပွဲ အနက် အလယ်ရက္ခစိုးပွဲမှ သစ်သီး၊ ပန်းအချို့ကို ဆုတောင်းပတ္တနာ ပြု၍ စားခြင်း၊ ဆောင်ခြင်းတို့အား စုံလင်စွာပြုလုပ်ပါက အကြောင်းနိမိတ်ထူးကို တွေ့ပါ လိမ့်မည်။

သို့သော် နိမိတ်၊ မကောင်းလျှင် မအောင်မြင်ဟု မှတ်ပါ။ နေ့ကောင်းရက်သားရွေး၍ ထပ်မံပြီး မွေးနေ့ စုံအောင်ပြန် လုပ်ပါ။

❖❖❖





## နီကိုး သို့မဟုတ် အကျိုးများတိုးပွားစေသောနည်း

၁။

အင်္ဂဝိဇ္ဇာ နှင့်ပတ်သက်သည့် အကြောင်းအရာတို့အား တစ်နေ့တွင် မဖြစ်မနေ ရေးသားမည်ဟု ဆုံးဖြတ်ထားခဲ့သည် နှင့်အညီ စာတစ်စောင် ပေတစ်ဖွဲ့ရေးဖြစ်သည့်အတွက် ကျေနပ်ရမည်။

ရေးသားသည့်နေရာတွင် ကျမ်းမလေးရန်နှင့် စာဖတ်သူ များ အလွယ်တကူ နားလည်နိုင်ရန် ကြိုးစားရေးခဲ့သည်၊ သို့သော် ဤကျမ်းသည် အင်္ဂဝိဇ္ဇာနှင့် ပတ်သက်၍ ပြီးပြည့်စုံ သည်ဟူ၍ မဆိုနိုင်ပါ။

အင်္ဂဝိဇ္ဇာပညာရပ်သည် ခက်ခဲသလို နက်နဲလှန်းလှ၏။

ထိုသို့ ခက်ခဲသော ကျမ်းတစ်စောင်အား အလွယ်တကူ စာဖတ်သူများ နားလည်စေရန် ရေးသားရသည့်အတွက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချို့ယွင်းချက်ရှိကောင်းရှိမည်ပင်။ ချို့ယွင်းချက်ပါလျှင် ပြုစုသူ၏ ပညာအရည်နည်းပါးမှုဟု ဝန်ခံရပါမည်။

၂။

သို့သော် ဤ အင်္ဂဝိဇ္ဇနှင့် အသုံးချဓာတ်ရိုက်ဓာတ်ဆင် 'ယတြာ' ကျမ်းသည် အင်္ဂဝိဇ္ဇာပညာအား လေ့လာသူများ အတွက် တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းနိုင်သည့် ပညာဟု ဆိုရမည်ပင်။

ထို့အတူ ဤစာအုပ်သည် စာဖတ်သူအား တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်မိ၏။

အကယ်၍ တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းသည်ဆိုငြား အံ့ ပြုစုရကျိုးနပ်ပြီဟု ဆိုရမည်။

ဤကဲ့သို့ပင်

ဤစာအုပ်ရေးဖြစ်ရန်အတွက် ငွေအား၊ အကြံဉာဏ် အားဖြင့် လိုလေသေးမရှိ ပံ့ပိုးကူညီသည့် မိခင်နှင့် မခြားသည့် ဆရာမ ဒေါ်မြမြကြွေ (စံလုစာပေ)အား ကျေးဇူးအထူးတင်ရှိ ကြောင်း ဝန်ခံရပါမည်။

'စာဖတ်သူများ အကျိုးများ တိုးပွားပါစေ'

သုတေသီသက်ထွန်းမြင့်

'စံလုစာပေ'